# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ တနင်္ဂနွေနေ့၊ (4-6-2006) (၄၅၇၈)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြား

နေပြည်တော် ဇွန် ၃

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မေ ၃၁ရက် နံနက် ၇နာရီခွဲတွင် မြစ်ကြီးနားတပ်နယ်ခန်းမ၌ တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။**

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်ဟိန်း၊ တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည် မိသားစုဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

**အမှာစကား ပြောကြား**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်းအဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် တိုင်းအတွင်း မြေလွတ်မြေရိုင်းများဖော်ထုတ်၍ နွေစပါး၊ မိုးစပါးအပါအဝင် ရော်ဘာ၊ ဆီအုန်း၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်ကိုပါ တိုးချဲ့စိုက်ပျိုး

နေပြည်တော် ဇွန် ၃

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာခဲ့ကြပြီး နံနက် ၈နာရီ ၄၅မိနစ်တွင် မြိတ်မြို့သို့ရောက်ရှိရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် တပ်မတော်အရာရှိများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြိတ်လေဆိပ်မှ ကြိုဆိုကြသည်။**

**အမှာစကားပြောကြား**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တိုင်းအဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက တိုင်းအတွင်းရှိ စိုက်ပျိုးမြေတိုးတက်ရရှိရေးအတွက် မြေယာ ဖော်ထုတ်ပြီးစီးမှုအခြေအနေ၊ နွေစပါး၊ မိုးစပါးအပါအဝင် ဒေသဝမ်းစာဖူလုံရေးအတွက် နှစ်အလိုက် တိုးချဲ့စိုက်ပျိုးမည့်အခြေအနေ၊ တိုင်းအတွင်း ရော်ဘာ၊ ဆီအုန်း၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုအခြေအနေများနှင့် ဒေသအတွင်း သယံဇာတပစ္စည်းများ ထွက်ရှိမှုနှင့် တိုးတက်ထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

**ခေါင်းကြီး၊ ဆောင်းပါးအညွှန်း**

▶ *နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကို တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်သည် အဓိကကျသည်။ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်သည်သာ နိုင်ငံနှင့်လူမျိုး ရှင်သန်ထွန်းကားစေရန် ကာကွယ်စောင့်ရှောက် တည်ဆောက်နိုင်မည်ဖြစ်သည်။*

(ခေါင်းကြီး) စာမျက်နှာ−၂

▶ ***တိုင်းပြည်ရဲ့ အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်နေတဲ့ မျက်နှာကိုမှ မထောက်ဘဲ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲနဲ့ပဲ ကိုင်ပေါက်နေရင်တော့ ကိုင်ပေါက်တဲ့လူလဲ မောမည်။ ကိုင်ပေါက်ခံရတဲ့ ပစ္စည်းလဲကွဲမည်။ ထိမှန်တဲ့လူလဲ နာကျင်မည်။ မိအေးသုံးခါနာ ဖြစ်မည်။ ပြည်သူတွေလဲ မြေစာပင်ဖြစ်ကြရမည်။*** ဘတိုး၏ **"တောင်ကြားကုလားတက်၊ မိန်းမပျက်နှင့်စက်ပျက်နာရီ ဘီဘီစီ"** (ဆောင်းပါး) စာမျက်နှာ−၃

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၄-၆-၂၀၀၆
(တနင်္ဂနွေနေ့)

# မိဘ ဆရာ ကျောင်းသား စွမ်းအားစု ဟန်ချက်ညီညီ ပေါင်းစည်းစွမ်းဆောင်

နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံကို တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်သည် အဓိကကျသည်။ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်သည်သာ နိုင်ငံနှင့်လူမျိုး ရှင်သန်ထွန်းကားစေရန် ကာကွယ်စောင့်ရှောက် တည်ဆောက်နိုင်မည်ဖြစ်သည်။

ယနေ့ကာလကဲ့သို့ ပညာခေတ်တွင် ပညာရေးကဏ္ဍ မျှော်မှန်းချက်သည် စာသင်ခန်းများအတွင်း၌သာ ကန့်သတ်တည်ရှိ မနေတော့ဘဲ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံးနှင့် ဆက်သွယ်မှုရှိနေကြောင်း တွေ့ရသည်။ ထို့မျှမက နိုင်ငံသားအားလုံး အခြေခံစာတတ်မြောက်ရေး၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး စဉ်ဆက်မပြတ် ပညာဆည်းပူးနိုင်ရေးတို့အထိ ကျယ်ပြန့်နက်ရှိုင်းစွာ အကျုံးဝင်လာလျက်ရှိသည်။

ပညာရေးမြှင့်တင်မှုအစီအစဉ်များတွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ၏ ထိုးထွင်းသိမြင်၊ တီထွင်ကြံဆ ဖန်တီးမှုတို့ကို မြှင့်တင်ပြီး ဘက်စုံထူးချွန်ထက်မြက်စေမည့် သင်ကြားမှုများပါဝင်သည်။ ဥပဒေစည်းကမ်းနှင့် လူမှုကျင့်ဝတ်တို့ကို လေးစားလိုက်နာတတ်သည့် စာရိတ္တမြင့်မားသော လူငယ်များ၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် ရင့်သန်ခိုင်မာသော မျိုးချစ်လူငယ်များ ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်လျက်ရှိသည့် ပညာရေးမြှင့်တင်မှုအစီအစဉ်များ အောင်မြင်ဖြစ်ထွန်းရေးသည် ဆရာ၊ ကျောင်းသားနှင့် မိဘပြည်သူတို့၏ ပူးပေါင်းစွမ်းဆောင်နိုင်မှုအပေါ်တွင် တည်မှီလျက်ရှိသည်။ ဆရာ၊ ကျောင်းသားနှင့် မိဘပြည်သူစွမ်းအားစုသုံးရပ်တွင် ကျောင်းသား၊ ကျောင်းသူများနှင့် အစဉ်ထိတွေ့ ပညာသင်ကြားပေးနေသော ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် အရေးအပါဆုံးဖြစ်သည်။

ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများအနေဖြင့် တပည့်ကျောင်းသား၊ ကျောင်းသူများကို စာပေပညာများ တတ်မြောက် ကျွမ်းကျင်ရုံသာမက တတ်ကျွမ်းသည့်ပညာဖြင့် မိမိနိုင်ငံနှင့်လူမျိုး အကျိုးစီးပွား ဖော်ဆောင်ပေးနိုင်ရေး အသိအမြင်၊ အတွေးအခေါ်များ စွဲမြဲခံယူလာစေရန် အသိပညာပေးကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် လူငယ်များ ပညာသင်ကြားရေးအတွက် မိဘပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများက မေတ္တာစေတနာဖြင့် ပံ့ပိုးဖြည့်ဆည်းပေးနေသည်။ အတတ်ပညာရှင် ဆရာ၊ ဆရာမများက အားကြိုးမာန်တက် သင်ကြားပို့ချ ပျိုးထောင်ပေးလျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူလူငယ်များကလည်း လုံ့လဝီရိယ စိုက်ထုတ်၍ ကြိုးစားသင်ယူနေကြပြီ။ ယင်းသို့ မိဘ၊ ဆရာ၊ ကျောင်းသား စွမ်းအားစုတို့ ဟန်ချက်ညီညီ ပေါင်းစည်းစွမ်းဆောင်မှုများဖြင့် အနာဂတ်တွင် ထွန်းလင်းတောက်ပလာမည့် ထက်မြက်သည့် လူရည်ချွန်၊ လူရည်မွန်များ ဖြစ်ထွန်းပေါ်ပေါက်လာနိုင်မည် ဖြစ်ပါသည်။ ။

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးတောင်ပိုင်း၊ အောင်မင်္ဂလာလမ်းမှ ကွယ်လွန်သူ ဖခင်ဦးတင်လှိုင်အား ရည်စူး၍ မိခင်ဒေါ်ကြည်သန်း အသက်(၆၀)ပြည့်အလှူ၊ သမီးမစန္ဒာ၊ သား-မောင်စိုးမင်းသန်း-မဝါဝါ၊ မောင်နေလင်းထွန်း၊ မနေနေရဲဇင် မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဝေဘာဂီမြို့သစ် ဂျိုးဖြူမင်္ဂလာရေပိုက်ဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၃

**ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကဦးဆောင်၍ ဝေဘာဂီမြို့သစ် သောက်သုံးရေအတွက် ဂျိုးဖြူမင်္ဂလာရေပိုက်ဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်က ဝေဘာဂီမြို့သစ် ဗိုလ်ချုပ်လမ်းနှင့် ဝေဟင်လမ်းထိပ်ရှိ မုခ်ဦးရှေ့၌ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတက်ရောက်အားပေးပြီး မင်္ဂလာရေပိုက်ကို ဖွင့်လှစ်ပေးသည်။** (အပေါ်ပုံ)

အခမ်းအနားသို့ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ ဖြစ်ကြသော ဦးကျော်စိုး၊ ဦးညီညီ၊ ဗိုလ်မှူးကြီးလှအေး၊ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ ခရိုင်၊ မြို့နယ်အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

### ဖွင့်လှစ်ပေး

မင်္ဂလာအချိန် ကျရောက်သည်နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဦးကျော်စိုး၊ ဦးအေးမြင့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်စိုး၊ ရေသွယ်ယူရေးဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က မင်္ဂလာ ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်နှင့် တာဝန်ရှိသူများက မင်္ဂလာ ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ယင်းနောက်မင်္ဂလာ ရေပိုက်ဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း တာဝန်ခံမြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အမှာစကားပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆိုပြုလွှာ ၃၄၀၂ စောင်ကို မြို့တော်ဝန်က လက်ခံယူပြီး အသင်းဝင်အသိအမှတ်ပြုကတ်ပြားများကို ပြန်လည်ပေးအပ်သည်။

ဝေဘာဂီမြို့သစ် ရေပေးဝေရေးအတွက် ဂျိုးဖြူရေပိုက် ဆက်သွယ်ရာ ပိုက်အရှည်စုစုပေါင်း ပေ ၂၃၈၅၀အသုံးပြုခဲ့ရပြီး ကုန်ကျငွေကျပ် ၉၃၁သိန်းဖြစ်ကြောင်းသိရသည်။ (၁၉)

# စိန်ပန်းကျောင်းတိုက် မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၃

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၄) ရပ်ကွက်၊ မြနန္ဒာအိမ်ရာ မြနန္ဒာ(၅) လမ်းထိပ်ရှိ မိုးကုတ်ဝိပဿနာ ဝိသုဒ္ဓါရာမစိန်ပန်း ကျောင်းတိုက်ကြီး၏ တတိယအကြိမ်မြောက် တရားစခန်းပွဲကို ၁၃၆၈ခု၊ နယုန်လပြည့်နေ့မှ နယုန်လပြည့်ကျော် ၇ရက်အထိ (ဇွန် ၁၀ရက်မှ၁၈ရက်)အထိ ခုနစ်ရက်တရားစခန်းပွဲကို အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီး ဦးဓမ္မသာရနှင့် စိန်ပန်းဆရာတော် သံဃာတော်များက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ မူအတိုင်းဟောကြားမည် ဖြစ်ရာ ဆွမ်းစရိတ်ဝင်ကြေးအခမဲ့ဖြင့် ဖုန်း-၆၈၃၅၉၀သို့ဆက်သွယ်စုံစမ်း တရားစခန်းဝင်နိုင်ကြောင်းသိရသည်။ (က-ပ)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကျိုင်းတုံ မေ ၃၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ၂၀၀၆ခုနှစ်၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၇ရက် နံနက် ၉နာရီက ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ကြူကြူလှ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့များမှ (နာယကနှင့်ဥက္ကဋ္ဌများ)၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များမှ ဥက္ကဋ္ဌများတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ ဒေါ်ကြူကြူလှက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်မှု အစီအရင်ခံစာများ တင်သွင်းဖတ်ကြားသည်။ ၎င်းနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိမ်းက ၂၀၀၆ခုနှစ် ပထမလေးလပတ် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ရှင်းလင်းတင်ပြပြီး အစီအရင်ခံစာများအပေါ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယကက သုံးသပ် ဆွေးနွေးသည်။ (ကြေးမုံ)

ဇွန် ၃ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ်ကန်တော်ကလေး(တောင်ပိုင်း) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်းနှင့် လူမှုရေးအဖွဲ့အစည်းများ စုပေါင်း၍ သတ်မှတ်လျာထားချက်အတိုင်း ခြံစည်းရိုး ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (၃၂)

# တောင်ကြားကုလားတက်၊ မိန်းမပျက်နှင့် စက်ပျက်နာရီ ဘီဘီစီ

**ဘတိုး**

နံနက်မိုးသောက် အလင်းရောက်သည်နှင့် တစ်ပြိုင်နက် လင်းကြက်တွန်သံနှင့် ရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံတို့သည် ရွာလေးပေါ်သို့ လွှမ်းခြုံသွားတော့သည်။ ဤမြန်မာ့ခလေ့၊ မြန်မာ့ဟန်၊ မြန်မာ့အသံက နားဝင်ချိုပြီး တစ်ရွာလုံးအဖို့ မနောပီတိ၊ ဂွမ်းဆီထိ ဖြစ်ရသည်။ အိပ်ရာစောစောထပြီး သက်ကြီးရွယ်အိုများက ကြေးစည်သံ တဝေဝေနှင့် ဘုရားရှိခိုး၊ အဖေက နွားစာကျွေး၊ သားက သန့်ရှင်းရေး လုပ်၊ ဇနီးမယားက ထမင်းဟင်းချက်နှင့် ကမ္ဘာတည်သရွေ့ သာယာ ချမ်းမြေ့ခဲ့ရသော မြန်မာ့ရွာကလေးပင်ဖြစ်ပါသည်။ နံနက်မိုးလင်း၍ ဖြနာရီထိုးသည်နှင့် တစ်ပြိုင်နက် ကြေးစည်သံတဝေဝေ သံဃာတော် များ ဆွမ်းခံကြွလာကြသည်။ ဒါယကာ ဒါယိကာမများက မိမိတို့ တတ်အားသရွေ့ ဆွမ်းဦးဆွမ်းဖျား လောင်းလှူကြသည်။ သည်လို လှပသာယာမှုမျိုးတွေကို ဘယ်လူမျိုး ဘယ်တန်ဖိုးနှင့်မျှ မလဲနိုင်ပါ။

အခုတော့ နံနက်မိုးလင်း၍ ဖြနာရီထိုးပြီဆိုလျှင် ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ စသော ပြည်ပအသံလွှင့် ဌာနများ၏ အလေဏတော၊ အမနာပ အသံလွှင့်ချက်များက နံနက်ခင်း၏ သာယာ လှပမှုကို ဖျက်ဆီးနေကြသည်။ တစ်ခါတလေ နားရွက်မှာ တံခါးရွက် တပ်ထားလျှင် ကောင်းမလားဟု စဉ်းစားမိသည်။ ဘီဘီစီ၊ဗွီအိုအေ တို့မှ ပြည်ဖျက်မည့် ဝိုင်းတော်သားများ၏ အသံကို ယုံမှတ်လို့ ပုံအပ်ခဲ့လျှင် ဘဝပျက်ပေလိမ့်မည်။

**တောင်ကြားကုလားတက်၊ မိန်းမပျက်နှင့် စက်ပျက်နာရီဆိုသော ဆိုရိုး စကား ကြားဖူးသည်။ ရပ်ရွာတွင် သာရေးအတွက် လူအများ စုဝေးနိုင်ရန် အသုံးပြုရသော ကုလားတက်ကို လူမရောက် သူမရောက် တောင်ကြား တောခေါင်ခေါင်တွင် အသုံးပြုခြင်းသည် အရာမရောက်၊ မိန်းမပျက်နှင့် စက်ပျက်နာရီကတော့ ရှင်းသည်။ တန်ဖိုးမရှိသောအရာ၊ အသုံးမဝင်သော အရာများဖြစ်သည်။ ဘာမျှအသုံးမဝင်၊ အသုံးမကျ၊ တန်ဖိုးမဲ့သော လူများ၊ လုပ်ရပ်များကို ရည်ညွှန်းခြင်းဖြစ်သည်။ ယခုတော့ ငယ်ငယ်က ကြားခဲ့ဖူးသောစကားကို တောင်ကြားကုလားတက်၊ မိန်းမပျက်နှင့် စက်ပျက်နာရီ ဘီဘီစီဟု ဆက်ပြီး ညွှန်းလိုက်ချင်သည်။**

ထိုအသံလွှင့်ဌာနများမှ ဝိုင်းတော်သား ထိုလူများမှာလည်း မြန်မာပြည်က မွေးသော မြန်မာ့ရင်သွေးလေးတွေပါ။ အခုတော့ အခြားနိုင်ငံက ခွက်ထဲထည့်ပေးတဲ့ ဒေါ်လာလေး စားပြီး မြန်မာ့ ရွာကလေး ပျက်စီးရာ ပျက်စီးကြောင်း ကလိမ်စေ့ငြမ်းဆင်ကာ မကောင်းသတင်းတွေနဲ့ ရန်ထောင်နေကြသည်မှာ ယိုသူမရှက် မြင်သူရှက်လှပါသည်။ ထိုအဖြစ်ကို မြင်တိုင်း ဟောင်လွန်းသော ခွေးကို ဒီခွေးကလဲကွာ ထမင်းရည်သောက်နေရလို့ပေါ့၊ ဒေါ်လာများ စားရရင် သေအောင်ကိုက်မလားမသိဘူးဆိုသည့် လှတောသားစကား ကို သတိရမိသည်။ တကယ်တော့ ပြည်ပအသံလွှင့်ဌာနများမှ ထိုပုဂ္ဂိုလ်များသည် အတွင်းလှိုက်စားနေသော ခြကောင်၊ လောက်ကောင် များသာဖြစ်သည်။ သူတို့ကတော့ မြန်မာပြည်ကြီးကို ကယ်တင်နေသည်ဟု ဆိုကြသည်။ တကယ်တော့ မြန်မာနိုင်ငံကို ဖယ်ကြဉ်ထားဖို့ ကြိုးစား နေကြခြင်းသာ ဖြစ်ပေသည်။

မိမိတို့ နေ့စဉ် ပြောဆို အသံလွှင့်နေမှုများသည် မှန်၏ မှား၏၊တရား၏ မတရား၏ ပြန်လည်ဆင်ခြင်သင့်ပေသည်။ ဘာသာ တရား အဆုံးအမများနှင့် ညီ မညီ ဆင်ခြင်သင့်ပေသည်။ တိုင်းတစ်ပါး သား အခိုင်းခံဘဝဖြင့် စားရသော ပေါင်မုန့်နှင့် မြန်မာ့ရွာကလေးမှာ စားရသော ငါးပိရည်နှင့် ထမင်းကြမ်း ဘယ်သင်းက ပိုမြိန် ပါသလဲလို့ မေးလိုက်ချင်ပါသည်။ နိုင်ငံခြားက ထောက်ပံ့နေတဲ့ မဝရေစာ ဒေါ်လာရွက် မျက်စိထဲမြင်နေလျှင်တော့ အမှန်နှင့် ဝေးကာ၊ ပိုးသာကုန် မောင်ပုံ စောင်းမတတ်သာ ဖြစ်နေမည်။ တိုင်းပြည်ကို တကယ်ချစ်လျှင် မြန်မာ့ရွာကလေးရဲ့ ဘဝဇာတ်ကြောင်းကို ရှေ့တစ်ခေါ် မျှော်ကြည့် နောက်တစ်လှန် ပြန်ကြည့်ကြစေလိုသည်။

လွတ်လပ်ရေးဆုံးရှုံးပြီး သူ့ကျွန်ဘဝတွင် နှစ်ပေါင်းတစ်ရာ ကျော်မျှနေခဲ့ရပါသည်။ ကိုယ့်မြန်မာလူမျိုးအချင်းချင်း ကွဲကြ၊ ပြဲကြ၊ အာဏာလုကြသဖြင့် တောမီးလောင် တောကြောင်လက်ခမောင်းခတ် ဆိုသကဲ့သို့ ကုပ်သွေးစုပ် ဦးနှောက်ဖောက်စားချင်သည့် နယ်ချဲ့ သမားများက မြန်မာပြည်သူပြည်သားအချင်းချင်း သွေးကွဲကြအောင် အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး တိုက်ခဲ့ကြပါသည်။

ပြည်ပ ပယောဂမရှိလျှင် တိုင်းရင်းသား လူမျိုးပေါင်းတစ်ရာ ကျော်နေထိုင်သည့် ကျွန်တော်တို့ပြည်သူအချင်းချင်း အေးအတူပူအမျှ အတူလက်တွဲ၍ စည်းစည်းလုံးလုံး အေးအေးချမ်းချမ်း နေထိုင်နိုင်မည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ထိုကဲ့သို့ ဖြစ်မလာခဲ့ဘဲ နယ်ချဲ့တို့သွေးထိုးသမျှ ယုံခဲ့ကြသဖြင့် စလယ်ဝင် ဖင်မမည်းခင်က ကွဲကြ၊ပြဲကြ ဖြစ်ခဲ့ရသည်။ အာဏာကို ဖြတ်လမ်းနည်းနဲ့ရယူရန် ကြိုးစားမှုကြောင့် လွတ်လပ်ရေး မရမီ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြရသည်။ တိုင်းပြည်၏ ပကတိအခြေအနေမှန်ကို မျက်ကွယ်ပြုပြီး အာဏာကို ငမ်းငမ်းတက် လိုချင်ဇောဖြင့် တရားတစ်ဖက်၊ ဓားတစ်ဖက်နှင့် သူပုန်ထလိုက်၊ ဘုရား တရားဖက်လိုက်၊ ခါတော်မီ နိုင်ငံရေးအာဏာယူရန် ကြိုးစားလိုက်နဲ့ ဘဝဇာတ်သိမ်း သွားသူများလည်းရှိခဲ့သည်။ မကြံစည်သင့်၊ မကြံစည်အပ်တာတွေ ကြံခဲ့၊ တွေးခဲ့၊ လုပ်ခဲ့သဖြင့် နိုင်ငံရေးဇာတ်သိမ်း မကောင်းသူတွေ၊ လူမသိ သူမသိ ဘဝနိဂုံးချုပ်ခဲ့ရတာတွေလည်း ရှိခဲ့ကြသည်။

စဉ်းစားကြည့်လျှင် ဒီလိုအခြေအနေတွေ ကြုံရတာ ရှက်ဖို့ ကောင်းပါသည်။ သည်လိုအချိန်တွေကို နှမြောဖို့ ကောင်းပါသည်။ ဒါတွေကို အခုမှပြင်ဖို့၊ ရဖို့ဆိုတာတော့ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်တော့ပါ။ တရားသဘောဖြင့် စဉ်းစားကြည့်လျှင် လူ့ဘဝဆိုတာ အလွန် တရာမှ တိုတောင်းလှပါသည်။ တစ်နေ့ထက်တစ်နေ့ တစ်လ ထက်တစ်လ အသက်တွေကြီးကြီး လာကြပါပြီ။ အသိတရားနှင့် နောင်တတရား ပြိုင်တူရသင့်ကြပါပြီ။

ကိုယ့်အတွက်၊ ကိုယ့်ကြောင့် ကိုယ့်အကြောင်းတရား ကိုယ်ပင်ခံ ကြရပါမည်။ မည်သူ့ကိုမျှ အပြစ်တင်လို့မရပါ။ မိမိတို့ ကိုယ်စီ ကိုယ်စီ ကိုယ့်အချင်းချင်း အုတ်တစ်ချပ်မျှ မလပ်ဘဲ တစည်း တလုံးတည်း ညီညီညွတ်ညွတ်ရှိခဲ့လျှင် ဘယ်မြေခွေးကမှ လာမဆွဲနိုင်ပါ။

**ရောမမြို့ မဆိုထားနှင့် မြန်မာ့ရွာကလေးကိုပင် တစ်နေ့တည်းနှင့် တည်ဆောက်လို့မပြီးပါ။ တပ်မတော် အစိုးရလက်ထက်မှာ အချိန်တို ကာလအတွင်း သာသနိက အဆောက်အအုံများ၊ လမ်းတံတား၊ ဆည် တမံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့တွင်း များ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ အကောင်အထည်ဖော် တည်ဆောက်ခဲ့သည်မှာ အနှစ်၂၀ ကျော် အိပ်မောကျနေသူများ ငေးမော ကြည့်ရလောက်အောင် လှပတင့်တယ် ဖွံ့ဖြိုးတိုးတက်လို့နေပါပြီ။**

မြန်မာ့ကျေးရွာတွေမှာ သူပုန်သူကန်၊ သူခိုးဓားပြ ဘေးရန်တွေ ကင်းရှင်းပြီး အေးချမ်းစွာ အိပ်စက်နိုင်နေကြပါပြီ။ ခွေးဟောင်တိုင်း ကျီးလန့်စာစား ထကြည့်ရသော ဘဝတွေလည်း ကျန်ခဲ့ပါပြီ။ ဒီလို အခြေအနေတွေကို အပြုသဘောနဲ့ ရှုမြင်ကြရန်လိုပါသည်။ တိုင်းပြည်ရဲ့ အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်နေတဲ့ မျက်နှာကိုမှ မထောက်ဘဲ ဇဝပြည့်နှစ်ရွှေးကောက်ပွဲနဲ့ပဲ ကိုင်ပေါက်နေရင်တော့ ကိုင်ပေါက်တဲ့ လူလဲ မောမည်။ ကိုင်ပေါက်ခံရတဲ့ ပစ္စည်းလဲကွဲမည်။ ထိမှန်တဲ့လူလဲ နာကျင်မည်။ မိအေးသုံးခါနာ ဖြစ်မည်။ ပြည်သူတွေလဲ မြေစာပင် ဖြစ်ကြရမည်။

တောင်ကြားကုလားတက်၊ မိန်းမပျက်နှင့် စက်ပျက်နာရီဆိုသော ဆိုရိုး စကားကြားဖူးသည်။ ရပ်ရွာတွင် သာရေး အတွက် လူအများ စုဝေးနိုင်ရန် အသုံးပြု ရသော ကုလားတက်ကို လူမရောက် သူမရောက် တောင်ကြား တောခေါင် ခေါင်တွင် အသုံးပြုခြင်းသည် အရာ မရောက်၊ မိန်းမပျက်နှင့် စက်ပျက်နာရီ ကတော့ ရှင်းသည်။ တန်ဖိုးမရှိသော အရာ၊ အသုံးမဝင်သော အရာများဖြစ် သည်။ ဘာမျှအသုံးမဝင်၊ အသုံးမကျ၊ တန်ဖိုးမဲ့သော လူများ၊ လုပ်ရပ်များကို ရည်ညွှန်းခြင်းဖြစ်သည်။ ယခုတော့ ငယ်ငယ်က ကြားခဲ့ဖူး သောစကားကို တောင်ကြားကုလားတက်၊ မိန်းမပျက်နှင့် စက်ပျက်နာရီ ဘီဘီစီဟု ဆက်ပြီး ညွှန်းလိုက်ချင်သည်။

**တိုင်းပြည်ကိုချစ်ရင် ကိုယ့်ရင်သွေးလေးတွေ၊ နောင်လာ နောက်သားတွေ ရေခဲနှင်းဆောင်းနေနိုင်ဖို့အတွက် အာဏာကို ငမ်းငမ်းတက်လိုချင်တဲ့ မာန်စွယ်တွေကို ချလိုက်ဖို့လိုပါသည်။ အခု တော့ အဝေးရောက်ရော၊ အနီးရောက်တွေရော ပေါလိုက်တဲ့နိုင်ငံရေး သမားတွေ၊ အာဏာပြန်အပ်ရေး၊ အာဏာလွှဲပေးရေး တောင်းဆိုနေသူ တွေက ဒုနဲ့ဒေး။ ဘဲအုပ်က တစ်ရာနှစ်ရာ၊ မဖေဒါက တစ်ပင်တည်း ဆိုသလို ဖြစ်နေပြီ၊ အဲဒီမှာတင် တိုင်းပြည်ကောင်းစားဖို့က ဘယ်နား နေမှန်း မသိသေးဘူး၊ အာဏာလုပွဲကြီးဖြစ်ပြီး ကွဲကြ၊ ပြဲကြ ဖြစ်ကုန် မှာတော့ ဇေဒင်မေးရင် ဆန်ကုန်နေလိမ့်မည်။ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုးသွားမည်။** လွတ်လပ်ရေးရဖို့ ကြိုးပမ်းဆောင်ရွက် နေစဉ်မှာ ရှေ့ရည်စိမ်လွတ်လပ်ရေးဆိုပြီး ကွန်မြူနစ်တွေက တောခိုကြ၊ သူတို့ထဲမှာလဲ အလံနီ၊ အလံဖြူဆိုပြီး ကွဲကြ၊ တိုင်းရင်းသားတွေ ကလဲ နယ်ချဲ့သွေးခွဲမှုကြောင့် တောခိုကြနဲ့ မြန်မာပြည်ရဲ့ နိုင်ငံရေး ဘယ်တုန်း ကများ ရေရှည်တည်ငြိမ်ခဲ့လို့လဲ။

ကျွန်တော်တို့ရဲ့ နှလုံးသည်းပွတ်ဖြစ်တဲ့ မြန်မာပြည်ရဲ့မြေပုံကို ရှုကြည့်ကြပါ။ အပေါ်ဆုံးက ဦးခေါင်းနဲ့ သရဖူဆောင်းလို့၊ ဝဲယာမှ လက်နှစ်ဖက်၊ အောက်မှာခြေထောက်၊ မြပုခက်ပေါ်မှာထိုင်ပြီး အခန့်သား အေးပုခက် စီးနေတာနဲ့တူပါသည်။ လှပတင့်တယ်လိုက်တဲ့ဖြစ်ခြင်း။ အခြား အခြားသော နိုင်ငံတွေရဲ့မြေပုံတွေနဲ့ နှိုင်းယှဉ်ကြည့်ပါ။ မြန်မာ ပြည်ကို မီရဲ့လား၊ မြန်မာပြည်လိုလှရဲ့လား၊ မြန်မာပြည်မှာ သဘာဝ သယံဇာတတွေ ကြွယ်ဝပြီး လုပ်ကိုင်စားစရာ အများကြီးပါ။ နောင်လာ နောက်သား တိုင်းရင်းသားညီ အစ်ကိုမောင်နှမများ ကမ္ဘာတည်သရွေ့ အတူလက်တွဲပြီး ကိုယ်စိတ်နှစ်ပါးချမ်းသာစွာဖြင့် နေထိုင်လုပ်ကိုင် စားသောက် သွားနိုင်အောင် နိုင်ငံတော်အစိုးရကလည်း လိုအပ်တဲ့ အခြေခံကောင်းတွေ တည်ဆောက်ပေးခဲ့ပြီး၊ ပေးနေဆဲဖြစ်ပါသည်။

ဒီလို အေးချမ်းသာယာခေတ်မီ ဖွံ့ဖြိုးတိုးတက်နေတဲ့ အခြေအနေ ကောင်းတွေ ပျက်ပြားအောင်၊ နိုင်ငံတော်ကို အကျပ်အတည်းအမျိုးမျိုး ဖြစ်အောင် ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ ကျူးလွန်နေမယ့်အစား လုံခြုံအေးချမ်းတဲ့ အမိမြန်မာပြည်ရင်ခွင်ကို ပြန်လာပြီး တည်ငြိမ်အေး ဆေးစွာဖြင့် အတူတကွ ပူးပေါင်းနေထိုင် သွားကြပါစို့လို့ ဖိတ်ခေါ် လိုက်ပါရစေ။ ။

ရောမမြို့မဆိုထားနှင့် မြန်မာ့ရွာကလေးကိုပင် တစ်နေ့တည်းနှင့် တည်ဆောက်လို့မပြီးပါ။ တပ်မတော် အစိုးရလက်ထက်မှာ အချိန်တို ကာလအတွင်း သာသနိက အဆောက်အအုံများ၊ လမ်းတံတား၊ ဆည်တမံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့ တွင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ အကောင် အထည်ဖော် တည်ဆောက်ခဲ့သည်မှာ အနှစ် ၂၀ ကျော် အိပ်မော ကျနေသူများ ငေးမောကြည့်ရလောက်အောင် လှပတင့်တယ် ဖွံ့ဖြိုး တိုးတက်လို့ နေပါပြီ။

# ပန်ဂျပ်ပြည်နယ်၌ ဘတ်စ်ကား လျှိုထဲကျ ငါးဦးသေဆုံး၊ ၁၄ ဦး ဒဏ်ရာရ

**အစ္စလမ္မာဘတ် ဇွန် ၂**

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ မေ ၂၈ ရက်က ဘတ်စ်ကားတစ်စီး လျှိုထဲသို့ ထိုးကျသွားရာ ငါးဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရရှိသည်ဟု ပြည်နယ်သတင်းဌာနက ထုတ်လွှင့်သည်။

အခင်းဖြစ်ပွားရာနေရာသည်ပန်ဂျပ်ပြည်နယ် ကရူရှမ်ဒေသ ဂျာဟာရာဘဒ်အနီးတွင်ဖြစ်သည်။ ဘတ်စ်ကားသည် ဘရိတ်ပေါက်သွားပြီး လျှိုထဲထိုးကျခဲ့ခြင်းဖြစ်ကြောင်း၊ ပါကစ္စတန်တပ်ဖွဲ့ဝင်လေးဦး အပါအဝင် ငါးဦးသည် အခင်းဖြစ်ပွားရာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူ ၁၄ဦးရှိကြောင်း ရဲတပ်ဖွဲ့မှ ပြောကြားချက်ကိုကိုးကား၍ ပါကစ္စတန် အက်ဆိုဆီယိတ်တက်သတင်းဌာနကဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အင်ဒိုနီးရှား လူငယ်တစ်ဦး၌ ကြက်ငှက်တုပ်ကွေးပိုး ရှာဖွေတွေ့ရှိ

**ဂျကာတာ ဇွန် ၂**

အသက် (၁၅) နှစ်အရွယ်ရှိ အင်ဒိုနီးရှား ယောကျာ်းလေးတစ်ဦးတွင် H5 N1 ဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိရကြောင်း ဒေသဆိုင်ရာဓာတ်ခွဲစမ်းသပ်ချက်ကိုကိုးကား၍ အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဌာန အထက်တန်းတာဝန်ရှိသူတစ်ဦးက မေ ၃၁ ရက်တွင် ပြောကြားသည်။

ထိုစမ်းသပ်တွေ့ရှိချက်သည် နောက်ဆုံး အဖြေတွေ့ရှိချက်ဟု မပြောနိုင်ကြောင်း၊ ဟောင်ကောင်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စမ်းသပ်ချက်အဖြေကို အတည်ပြုရယူမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

အများအားဖြင့် ဒေသဆိုင်ရာ ဓာတ်ခွဲ စမ်းသပ်တွေ့ရှိချက်တွင် ရောဂါပိုးတွေ့ရှိလျှင် ဟောင်ကောင်ရှိ ဓာတ်ခွဲခန်း၏ စမ်းသပ်တွေ့ရှိချက်တွင်လည်း ရောဂါပိုးတွေ့ရလေ့ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန တိရစ္ဆာန် အရိုးရောဂါကူဌာန ညွှန်ကြားရေးမှူး ဟာရီအာဒီဝိဘီဆိုနိုက ပြောကြားသည်။ ဂျာဗားကျွန်း အနောက်ဘက် တာဆစ်ခ်မာလာယာမြို့တွင် နေထိုင်သူ အဆိုပါ ယောကျာ်းလေးသည် မေ ၂၉ ရက်တွင် ဆေးရုံတက်ခဲ့ပြီး နောက်နေ့တွင် သေဆုံးခဲ့သည်။

သေဆုံးသွားသူ၏ နေထိုင်ရာ အရပ်ဒေသသို့ အစိုးရတာဝန်ရှိသူများ သွားရောက်လေ့လာရာတွင် ၎င်း မွေးမြူထားသော ကြက်များသည် လွန်ခဲ့သော ရက်သတ္တပတ်နှစ်ပတ်ခန့်က ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးခဲ့ကြောင်း၊ ၎င်း၏ နေအိမ်အနီးရှိ ကြက်ငှက် မွေးမြူရေးခြံမှတစ်ဆင့် ရောဂါပိုးကူးစက်ခဲ့ခြင်း ဖြစ်ကြောင်းတွေ့ရှိရသည်။ သေဆုံးသွားသူကလေး၏ အဘိုးမှာ ကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဖြစ်ကြောင်း၊အဘိုး၏ မွေးမြူရေးခြံမှ ကြက်အကောင် ၄၀မှာလည်း သေဆုံးခဲ့ကြောင်း သိရှိရသည်။

***အမ်အင်အေ၊ ရိုက်တာ။***

ဂျပန်နိုင်ငံ တိုကျိုမြို့ ရိုပေါင်ဂီတောင်ကုန်းအိမ်ရာရှိ အဆောက်အအုံများ၏ အမိုးများပေါ်တွင် ဂျပန်ကလေးငယ်လေးများ ကောက်စိုက်နေကြသည်ကို ဇွန် ၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

**အမေရိကန်နိုင်ငံ အာရီဇိုးနားပြည်နယ်တွင် နယ်စပ်လုံခြုံရေးအဖွဲ့၏ ဖမ်းဆီးခြင်းခံထားရသူ မက္ကဆီကိုလူမျိုးသားအဖနှစ်ဦးကို မေ ၃၁ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# လူမှလူသို့ ကြက်ငှက်တုပ်ကွေးကူးစက်မှု ထိန်းချုပ်ရန် ဒဗလျူအိပ်ချ်အိုက အစီအစဉ်တစ်ရပ် ထုတ်ပြန်

**ဂျီနီဗာ ဇွန် ၂**

လူမှ လူသို့ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က အစီအစဉ်တစ်ရပ်ကို မေ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထိုထုတ်ပြန်ချက်တွင် ကြက်ငှက်တုပ်ကွေးတိုက်ဖျက်ရေးဆေးဝါးဖြစ်သော တာမီဖလူးဆေး အမြောက်အမြားကို လျင်မြန်စွာ သုံးစွဲရန် ဟူသောလုပ်ငန်းစဉ်လည်း ပါဝင်သည်။

အကယ်၍ လူမှ လူသို့ ရောဂါကူးစက်မှု ဖြစ်ပွားသည်ဟု အတည်ပြုချက်ရရှိလျှင် မြန်ဆန်စွာ တုံ့ပြန်ရေးနှင့် ကာကွယ်ထိန်းသိမ်းရေး အစီအစဉ်အရ သုံးပတ်အတွင်း ထိုဆေးဝါးအများအပြားကို အသုံးပြုသွားရမည်ဖြစ်သည်။

**တားဆီးနိုင်**

ကြက်ငှက်တုပ်ကွေးရောဂါလူသားအချင်းချင်း ကူးစက်ပျံ့နှံ့မှု မရှိစေရန် လျင်မြန်စွာ တုံ့ပြန်ခြင်းနှင့် ကာကွယ်ထိန်းသိမ်းခြင်းအစီအစဉ်ဖြင့် အောင်မြင်စွာ အချိန်မီ တားဆီးနိုင်မည် ဖြစ်ကြောင်းဒဗလျူအိပ်ချ်အိုအဖွဲ့၏ရောဂါကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ နောက်ဆုံး အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထိုအစီရင်ခံစာသည် မတ်လတွင် ကျင်းပပြုလုပ်သော နိုင်ငံပေါင်း ၇၀ မှ ကျွမ်းကျင်ပညာရှင်များ၏ ထောက်ခံချက်များကို အခြေခံကာ ထုတ်ပြန်ထားခြင်းဖြစ်သည်။

လူမှ လူသို့ ကူးစက်ပြန့်ပွားနေကြောင်း သိရှိရပြီးလျှင် ပြီးချင်း ၂၄ နာရီအတွင်း အရေးယူရမည်။ ထိုအချိန်မှ နောက်စစ်ဆေးစမ်းသပ်မှုပြုလုပ်ပြီး ၂၁ ရက်အတွင်း ဆေးဝါးများကို အချိန်မီဖြန့်ဖြူးရမည်ဟု ထုတ်ပြန်ချက်တွင် ပါရှိသည်။

**တည်မှီ**

ကြက်ငှက်တုပ်ကွေး လူမှလူသို့ ပျံ့နှံ့မှုကို လျင်မြန်စွာ ထိန်းသိမ်းတားဆီးနိုင်ရန်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးဝါးသိုလှောင်ထားရှိမှုအပေါ်တွင် တည်မှီနေကြောင်းသိရသည်။ ဆွစ်ဇာလန်နိုင်ငံရှိရိုချီဆေးဝါးကုမ္ပဏီက အဆိုပါ တာမီဖလူးဆေးဝါးကို လှူသုံးသန်းစာ လှူဒါန်းသည်။

အရေးကိစ္စပေါ်ပေါက်လျှင် ရောဂါဖြစ်ပွားရာ အရပ်ဒေသနှင့် အနီးဆုံးနိုင်ငံတကာလေဆိပ်သို့ ၂၄ နာရီအတွင်း တာမီဖလူးဆေးဝါးများကို အရောက်ပေးပို့ရန် ဒဗလျူအိပ်ချ်အိုက ရိုချီဆေးဝါးကုမ္ပဏီသို့ ပြောကြားထားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# မူးယစ်ဆေးဝါးနှင့် လက်နက်လဲလှယ်မှု၌ ပါဝင်ပတ်သက်သူ ဒိန်းမတ်ပါလီမန်အမတ်ဟောင်း ထောင်ဒဏ် ၁၄နှစ် ပြစ်ဒဏ်ကျ

ဟူစတန် ဇွန် ၂

**ဒိန်းမတ်ပါလီမန် အမတ်ဟောင်းတစ်ဦးသည် လက်ယာအုပ်စုဖြစ်သည့် ကိုလံဘီယာလက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် အမေရိကန်ဒေါ်လာ ၂၅ သန်းတန်ဖိုးရှိ ကိုကင်းမူးယစ်ဆေးဝါးနှင့် လက်နက်လဲလှယ်သည့်ကိစ္စတွင် ပါဝင်ပတ်သက်မှုဖြင့် ထောင်ဒဏ် ၁၄ နှစ် ပြစ်ဒဏ်ချမှတ်ခံရကြောင်း အမေရိကန်အစိုးရ ရှေ့နေများက ပြောကြားသည်။**

၎င်းအမတ်ဟောင်းသည် အသက် ၇၀ ရှိ ဂျင်ဆန်ဖြစ်ပြီး ညီညွှတ်သည့် ကိုလံဘီယာကာကွယ်ရေး တပ်ဖွဲ့ဝင် (အေယူစီ)များထံမှ ဒေါ်လာ ၂၅ သန်းရှိ ကိုကင်းမူးယစ်ဆေးဝါးနှင့် ငွေသားများ ရယူပြီး ထိုတပ်ဖွဲ့ဝင်များသို့ လက်နက်ထောင်ချီပေးရန် ကြံစည်မှုဖြင့် ဟူစတန်မြို့တွင် ၂၀၀၂ ခု နိုဝင်ဘာလအတွင်းက အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

**ကြံစည်ခဲ့**

၎င်းက ပြည်ပ အကြမ်းဖက်အဖွဲ့အစည်းတစ်ဖွဲ့ထံသို့ ပစ္စည်းထောက်ပံ့ရန် ကြံစည်ခဲ့ပြီးကိုကင်းမူးယစ်ဆေးဝါးဖြန့်ဖြူးရန်အားထုတ်ခဲ့ကြောင်း ၂၀၀၃ ခုနှစ် ဇွန်လအတွင်းက ဝန်ခံခဲ့သည်။

အမေရိကန်အစိုးရက အေယူစီကို အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားခဲ့သည်။ အမေရိကန် ခရိုင်တရားသူကြီး ဒေးဗစ်ဟစ်နာကဂျင်ဆန်ကိုထောင်ဒဏ် ၁၄ နှစ် ချမှတ်လိုက်သည်။ သို့ရာတွင် ပြစ်ဒဏ်တစ်ပေါင်းတည်းကျခံရမည်ဟု ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ဗြိတိန်၌ဓာတုစက်ရုံ ပေါက်ကွဲမှုဖြစ်

**လန်ဒန် ဇွန် ၂**

အင်္ဂလန်မြောက်ပိုင်းရှိ ဓာတုဗေဒစက်ရုံ ပေါက်ကွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ ဇွန် ၁ ရက် အစောပိုင်းအချိန်တွင် ဗြိတိန်မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုကိုငြိမ်းသတ်နိုင်ခဲ့ကြောင်းသတင်းတစ်ရပ်၌ရေးသားဖော်ပြသည်။

အင်မ်ပီရီရယ်လ်ဓာတုဗေဒ စက်ရုံလုပ်ငန်းများမှ ဘီလင်ဂမ်ဓာတုဗေဒ စက်ရုံ၌ပေါက်ကွဲမှုဖြစ်ပွားရာ ဒဏ်ရာရရှိသူများကို ချက်ချင်းမသိရှိကြောင်း မီးသတ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ စက်ရုံပေါက်ကွဲမှုကြောင့် ပျက်စီးမှု အသေးစိတ်ကို ချက်ချင်းမသိရှိရကြောင်း၊ သို့သော် မီးတောက်လောင်အားမှာ ကြီးကျယ်ကြောင်း ၎င်းက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

**မိုဘိုင်းလက်ကိုင်ဖုန်းများကို တယ်လီဖုန်း၊ ကင်မရာ၊ အီးမေးလ်ပို့စရာ၊ သီချင်းနားထောင်စရာ ကိရိယာများအဖြစ်သာမက ငွေကြေးသယ်ဆောင်သွားနိုင်သည့် ငွေစုကတ်အဖြစ်ပါသုံးနိုင်သော ဂျပန်နိုင်ငံထုတ် လက်ကိုင်ဖုန်းသစ်ကို ဇွန် ၁ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အတ္တလန္တိတ်ဒေသတွင် ဟာရီကိန်းမုန်တိုင်း ကိုးကြိမ် တိုက်ခတ်နိုင်

**မိုင်ယာမီ ဇွန် ၂**

၂၀၀၆ ခုနှစ် အတ္တလန္တိတ်ဒေသ၏ ဟာရီကိန်းမုန်တိုင်း ရာသီအတွင်း ဟာရီကိန်းမုန်တိုင်း ကိုးကြိမ် တိုက်ခတ်နိုင်ကြောင်းအမေရိကန်မုန်တိုင်း ကြိုတင်ခန့်မှန်းသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ကြိုတင် ဟောကိန်းထုတ်ထားသည်။

ကြာသပတေးနေ့မှစတင်၍ခြောက်လကြာမည့် မုန်တိုင်းရာသီအတွင်း အပူပိုင်းမုန်တိုင်း ၁၇ ကြိမ် တိုက်ခတ်မည်ဟု ဧပြီလက ဟောကိန်းထုတ်ထားခဲ့သည့်အတိုင်းပင် ဖြစ်မည်ဟု ဖော်ပြပါရာသီဥတုခန့်မှန်းသူ ဝီလျံဂရေးနှင့် ကိုလိုရာဒိုပြည်နယ် တက္ကသိုလ်မှ ၎င်း၏အဖွဲ့က ပြောကြားသည်။ ဟာရီကိန်းမုန်တိုင်း ကိုးခုတိုက်ခတ်မည် ဖြစ်ပြီး အထင်ကရ ဟာရီကိန်းလေမုန်တိုင်း ငါးခုသည် တစ်နာရီလျှင် မိုင် ၁၁၀ နှုန်း (၁၇၇ ကီလိုမီတာ)ဖြင့် တိုက်ခတ်နိုင်ကြောင်း ဝီလျံဂရေးနှင့် ၎င်း၏အဖွဲ့က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

အီတလီသမ္မတနိုင်ငံ ထူထောင်သည့်နေ့ အထိမ်းအမှတ်အဖြစ် အီတလီလေတပ်လေယာဉ်များ ရောမမြို့ပေါ်မှ အလှပြပျံသန်းနေကြသည်ကို ဇွန် ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# နျူကလီးယားသုတေသနအစီအစဉ်နှင့်ပတ်သက်၍ ကန်နှင့်ညှိနှိုင်းမည်မဟုတ်ဟု အီရန်ဝန်ကြီး ပြောကြား

**ကာရာကတ်စ် ဇွန် ၂**

အီရန်၏ နျူကလီးယားသုတေသန အစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်နှင့် မည်သည့်အခါမျှ ညှိနှိုင်းဆွေးနွေးမည် မဟုတ်ကြောင်း ဗင်နီဇွဲလားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အီရန်ရေနံဝန်ကြီး ကာဇမ်ဗာစီရီဟာမ်မန်းချ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

နျူကလီးယား လောင်စာသုတေသနပြုလုပ်မည့် အစီအစဉ်နှင့် ပတ်သက်၍ ဆောင်ရွက်နိုင်စွမ်းရှိသည့် သိပ္ပံပညာရှင်များ မိမိတို့နိုင်ငံတွင် ရှိနေသဖြင့် ယင်းကိစ္စကို အမေရိကန်နှင့် ညှိနှိုင်းဆောင်ရွက်မည်မဟုတ်ဟု ဗင်နီဇွဲလားနိုင်ငံတွင် ကျင်းပနေသည့် အိုပက်အစည်းအဝေးသို့ တက်ရောက်ရန်လာသည့် အီရန်ရေနံဝန်ကြီးက တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။ အီရန်အစိုးရက ယူရေနီယံသန့်စင်မှုလုပ်ငန်းနှင့် အခြားနျူကလီးယားဆိုင်ရာ အစီအစဉ်များကို ရပ်ဆိုင်းထားပါက အမေရိကန်က ဥရောပသမဂ္ဂ (အီးယူ)နှင့် ပူးပေါင်းကာ အီရန်နှင့် ဆွေးနွေးပွဲများပြုလုပ်မည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က မကြာမီက ပြောကြားခဲ့ကြောင်း၊ ယင်းစကားလုံးများသည် အမေရိကန်အာဏာပိုင်များ အစဉ်အမြဲထပ်တလဲလဲ ပြောကြားနေသည့် စကားများပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အီရန်က ယူရေနီယံသန့်စင်မှုလုပ်ငန်းကို ချက်ချင်းရပ်ဆိုင်းလိုက်ပါက အမေရိကန်က ဆွေးနွေးပွဲစားပွဲဝိုင်းသို့ လာရောက်ဆွေးနွေးမည်ဟု ရိုက်စ်က စောစောပိုင်းက ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်း ဂျော်ဂျီယာ၌ပျက်ကျ၍ လူလေးဦးသေဆုံး

ဝါရှင်တန် ဇွန် ၂

**အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် တောင်ပိုင်းဒေသတွင် ကြာသပတေးနေ့ နံနက်က အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်းသည် ရုပ်မြင်သံကြားတိုင်မှ ဝါယာကြိုးနှင့်တိုက်မိပြီး ပျက်ကျသွားခဲ့ရာ လိုက်ပါလာသူ လူလေးဦးသေဆုံးပြီး တစ်ဦးသာအသက်မသေဘဲ ကျန်ရစ်သည်။**

ဂျော်ဂျီယာပြည်နယ် ဆဗန်နားဒေသရှိ ဟန်းတားကြည်းတပ် လေယာဉ်ကွင်းမှ ပျံသန်းလာသည့် အစ်အိပ်ချ်-၆၇ ချင်းနွတ်ရဟတ်ယာဉ်တစ်စင်းသည် အယ်လ်ဘားမားပြည်နယ် ဖို့တ်ရပ်ကာဒေသသို့ ပျံသန်းလာစဉ် ပျက်ကျခြင်းဖြစ်သည်ဟု စီဘီအက်စ်သတင်းအရ သိရှိရသည်။

ရဟတ်ယာဉ်စက်မှ မီးတောက်မီးလျှံများနှင့် မီးခိုးများထွက်လာပုံနှင့် အသက်မသေ ကျန်ရှိသူသည် လက်ဒဏ်ရာများဖြင့် ဝင်းထရံတစ်လျှောက် လမ်းလျှောက်နေပုံကို တွေ့ရှိခဲ့ရကြောင်း မျက်မြင် တွေ့ရှိသူများက ပြောကြားသည်။

အဆိုပါ ဒဏ်ရာရသူ၏ အခြေအနေနှင့် စပ်လျဉ်း၍ သတင်းမရသေးဟု ဆိုသည်။

အာဏာပိုင်များက အဆိုပါ ရဟတ်ယာဉ်သည် တီဗွီတိုင်မှ ဝါယာကြိုးနှင့် တိုက်၍ ပျက်ကျခဲ့သည့်ဖြစ်ရပ်ကို စုံစမ်းသွားရန် စီစဉ်လျက်ရှိသည်။

အမေရိကန် စစ်ဘက်က ရဟတ်ယာဉ်ပျက်မှ သေဆုံးသူများ၏ အမည်ကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# အာဖဂန်ရှိ ကနေဒါတပ်ဖွဲ့အတွက် သံချပ်ကာယာဉ် ၂၅ စီး ဝယ်ယူ

**အော့တဝါ ဇွန် ၂**

အာဖဂန်နစ္စတန်နိုင်ငံရှိ ကနေဒါတပ်ဖွဲ့အတွက် တောင်အာဖရိကနိုင်ငံလုပ် သံချပ်ကာ ကင်းလှည့်ယာဉ် ၂၅စီးကိုကနေဒါနိုင်ငံက အဆောတလျင် ဝယ်ယူခဲ့ကြောင်း မေ ၃၁ ရက်တွင် ကနေဒါနိုင်ငံမှလာသော သတင်းတွင် ဖော်ပြထားသည်။ ယခင်က သုံးစွဲသော ဂျာမနီလုပ် သံချပ်ကာဂျစ်ကားများ၏နေရာတွင် ယခုဝယ်ယူမည့် ယာဉ်များကို သုံးစွဲမည်ဖြစ်ကြောင်း သိရှိရသည်။

**ဝယ်ယူ**

ကနေဒါဒေါ်လာ ၃၁ သန်း (အမေရိကန်ဒေါ်လာ ၂၈ သန်း) တန်ဖိုးရှိ ညာလာသံချပ်ကာ ယာဉ် ၂၅ စီးကို ကနေဒါမှ ဝယ်ယူထားကြောင်း ကာကွယ်ရေးဌာနက ပြောကြားသည်။

အဆိုပါ ဝယ်ယူထားသော သံချပ်ကာယာဉ်သည် မိုင်း၊ အိမ်လုပ်ဗုံးနှင့် ဒုံးကျည်ဒဏ်တို့ကို ခံနိုင်ကြောင်း ကာကွယ်ရေးတပ်ဖွဲ့က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့တောင်ဘက်၌ ကနေဒါတပ်ဖွဲ့ဝင် ၂၃၀၀ ကို တပ်ချထားကြောင်း၊ ထိုတပ်ဖွဲ့ဝင်များကိုမကြာခဏ စစ်သွေးကြွများက တိုက်ခိုက်လျက်ရှိကြောင်း၊ တိုက်ခိုက်ခံရမှုကြောင့် ယခုနှစ်တွင် ကနေဒါတပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ကြောင်း၊ အဆိုပါ ကနေဒါတပ်ဖွဲ့ဝင်များသည် ဒိမ်မလာခရိုက်စလာ ကုမ္ပဏီက ထုတ်လုပ်သော ဂျီဝက်ဂွန် သံချပ်ကာ အပေါ့စားယာဉ်များကို သုံးစွဲလျက်ရှိကြောင်း ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

**နိုင်ငံတကာ သတင်းများ**

# ဗင်နီဇွဲလား၌ဩစတြေးလျကောင်စစ်ဝန် သေနတ်ပစ်ခံရ

**ကာရာကတ်စ် ဇွန် ၂**

ဗင်နီဇွဲလားနိုင်ငံ ကာရာကတ်စ်မြို့ရှိ ဩစတြေးလျသံရုံးဝင်းအတွင်း၌ မေ ၃၁ ရက် နံနက်ပိုင်းတွင် ဩစတြေးလျ ကောင်စစ်ဝန် ဝဲလ်တာရီဘန်ဂျာနှင့် ဓားပြလေးဦးတို့ ရန်းရင်းဆန်ခတ်ဖြစ်ပွားစဉ် ကောင်စစ်ဝန် သေနတ်ဒဏ်ရာရရှိခဲ့ကြောင်း ယူနီရန် ရေဒီယိုအသံလွှင့်ဌာနက ထုတ်ပြန်ကြေညာသည်။

တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ရီဘန်ဂျာကို ကာရာကတ်စ်မြို့အရှေ့ဘက်ရှိ ဆီးနှင့် ကျောက်ကပ်ဆေးရုံသို့ တင်လိုက်ရသည်။

ရဲတပ်ဖွဲ့ဝင်များသည် ဓားပြများကို စတင်ရှာဖွေလျက်ရှိကြောင်း၊ သို့သော် အဆိုပါ ပြစ်မှုတွင် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များသည် ကွဲလွဲနေသည့်အတွက် ရီဘန်ဂျာနှင့် တွေ့ဆုံမေးမြန်းလိုကြောင်း ကာရာကတ်စ်မြို့ စုံစမ်းရေးရဲတပ်ဖွဲ့မှူး ဒိုဂလက်စ်ရီကိုက ပြောကြားသည်။

ရီဘန်ဂျာကို ပစ်ခတ်ခဲ့ရာမှ ကျန်ခဲ့သည့် ကျည်ဆန်ခွံကို သက်သေအဖြစ် ရထားကြောင်း၊ အခင်းဖြစ်ပွားရာနေရာမှ ရရှိသောအချက်အလက်များကို အသုံးချခြင်းဖြင့် ဓားပြများကို ဖော်ထုတ်သွားနိုင်မည်ဖြစ်ကြောင်း ရီကိုက ပြောကြားသည်။

ဓားပြများသည် ရီဘန်ဂျာ အလုပ်လာချိန်ကို စောင့်ဆိုင်းပြီး တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ၎င်းကို မီးခံသေတ္တာဖွင့်ပေးရန် ခြိမ်းခြောက်စဉ် ဓားပြများနှင့် ရန်းရင်းဆန်ခတ်ဖြစ်ပြီး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်ဟု ရဲက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**အာကာသယာဉ်မှူးဂျက်ဖရီဝီလီယံ ကမ္ဘာ့အာကာသစခန်းယာဉ် ပြင်ပသို့ထွက်၍ အောက်ဆီဂျင်ကိရိယာအား ပြင်ဆင်နေသည်ကို ဇွန် ၁ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

**ယူဂန္ဓာနိုင်ငံ ဂျင်ဂျာမြို့တွင် သိမ်းဆည်းရမိသော လက်နက် တန် ၂၂၀ ခန့်အား ဖျက်ဆီးရန် စုပုံထားသည်ကို ဇွန် ၁ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# နီပေါလေဆိပ်၌ ဘိန်းဖြူနှစ်ကီလိုကျော် ဖမ်းမိ

**ခတ္တမန္ဒူ ဇွန် ၂**

နီပေါနိုင်ငံ မြို့တော်ခတ္တမန္ဒူရှိ ထရီဘူဗန် အပြည်ပြည်ဆိုင်ရာ လေဆိပ် (တီအိုင်အေ) တွင် နိုင်ဂျီးရီးယားနိုင်ငံသားနှစ်ဦးကို ဘိန်းဖြူ နှစ်ကီလိုကျော်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဘိန်းဖြူမှောင်ခိုသမားများသည် ၎င်းတို့မှောင်ခိုချလာသော ပစ္စည်းများကို ဝမ်းဗိုက် တွင်းထည့်သွင်းကာ သိုဝှက်သယ်ဆောင်လာခြင်းဖြစ်သည်။ ထိုမှောင်ခိုသမားတစ်ဦး၏အမည်မှာ အီဖန်ဆေးချုဂ်ဝိုဒီဦကာရာဟိုဖြစ်သည်။ ၎င်းသည် ဒိုဟာနှင့် ခတ္တမန္ဒူမြို့များတို့သို့ ဆက်သွယ်ပျံသန်းသော တာဘာလေကြောင်းလိုင်းဖြင့် နီပေါနိုင်ငံသို့ ရောက်ရှိနေသည်မှာ သတင်းတစ်ပတ်ခန့်ကြာခဲ့ပြီဖြစ်သည်။ ၎င်းသည် လေဆိပ်သို့မလာမီ ဘိန်းဖြူတစ်ကီလိုကို ပလတ်စတစ်ဆေးတောင့်များအတွင်း ထည့်သွင်းပြီး မျိုချထားခဲ့သည်။ မျိုချထားသော ဆေးတောင့် စုစုပေါင်း အရေအတွက်မှာ ၆၈ တောင့် ရှိသည်။

ဦကာရာဟိုနှင့်အတူ အဖမ်းခံရသော အခြား နိုင်ဂျီးရီးယား နိုင်ငံသားတစ်ဦးမှာ မီရီဒစ်သ်ခရိုဒင် နဒူကာဆိုသူဖြစ်သည်။ နဒူကာသည် ဘိန်းဖြူ ၁ ဒသမ ၄ ကီလိုဂရမ်ကို ပလတ်စတစ်ဆေးတောင့် ၈၂ တောင့်အတွင်း ထည့်သွင်းပြီးမျိုချကာ သယ်ဆောင်လာသည်။ ၎င်းတို့ကို ဆေးဘက်ဆိုင်ရာ စစ်ဆေးမှုများပြုလုပ်ရန် ဘီရင်ဒရာ ရဲတပ်ဖွဲ့ဆေးရုံသို့ ခေါ်ဆောင်သွားသည်။ ယခုဖမ်းဆီးရမိသော ဘိန်းဖြူပမာဏသည် နီပေါနိုင်ငံတွင် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးပမာဏအနက် အများဆုံးပင်ဖြစ်ကြောင်း နီပေါ မူးယစ်ဆေးဝါး နှိမ်နင်းရေး တပ်ဖွဲ့သတင်းများက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# မြန်မာ–ကိုရီးယားအနုပညာရှင်များ ပါဝင်ဆင်နွှဲကြသည့် ချစ်ကြည်ရေးကုသိုလ်ပြုဈေးရောင်းပွဲတော် အထူးစည်ကား

သတင်းမှတ်တမ်း–ဝါဝါစိုး၊ စန္ဒာသန်း
သတင်းဓာတ်ပုံ–ခင်မောင်ဝင်း( ကြေးမုံ)

**ရန်ကုန်　ဇွန်　၃**

မြန်မာ–ကိုရီးယား ချစ်ကြည်ရေး ကုသိုလ်ပြု ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့၊ ကန်တော်ကြီးရှိ ကရဝိက်ဥယျာဉ်ကမ္ဘာတွင် ဇွန် ၂ ရက်မှ ၄ ရက်အထိ ကျင်းပလျက်ရှိသည်။ ကုသိုလ်ပြု ဈေးရောင်း

**ကိုရီးယားရုပ်ရှင်သရုပ်ဆောင် လီအီဂျွန်း။**
ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

ပွဲတော်နှင့်စပ်လျဉ်း၍ သတင်းမှတ်တမ်းရေးသားတင်ပြနိုင်ရန်အတွက် ကြေးမုံသတင်းအဖွဲ့သည် ကရဝိက်ဥယျာဉ်ကမ္ဘာမှ တာဝန်ရှိသူများ၊ လုပ်အားကုသိုလ်ရှင်များ၊ ဈေးဝယ်လာသူများကို တွေ့ဆုံမေးမြန်းရင်း ကုသိုလ်ပြုဈေးဝယ်ခဲ့ကြသည်။ ယနေ့သည် အများပြည်သူ အားလပ်ရက်ဖြစ်သည့်အပြင် ရာသီဥတုမှာလည်း သာသာယာယာရှိသည့်အားလျော်စွာ ကုသိုလ်ပြု ဈေးရောင်းပွဲတော်သို့ လာရောက်ကြသူများမှာလည်း အထူးစည်ကားများပြားလှသည်ကိုတွေ့ရသည်။

**ပူးပေါင်းဆောင်ရွက်**

ကုသိုလ်ပြုဈေးရောင်းပွဲတော်ကို ကိုရီးယားသမ္မတနိုင်ငံမှ ဗုဒ္ဓသာသနာပြုဘုန်းတော်ကြီး Venerable Moktak-Hyeeun က ကမကထပြု၍ မြန်မာနိုင်ငံရုပ်ရှင်အစည်း အရုံးနှင့် Korea Myanmar Friendship Interchange Association တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဈေးရောင်းပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ကရဝိက်ဥယျာဉ်ကမ္ဘာ၏ မန်နေဂျင်းဒါရိုက်တာ မဇေဇင်လတ်က “ဈေးရောင်းပွဲတော်က ရရှိသည့်ငွေများကို ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်း၌ တည်ဆောက်မည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် လှူဒါန်းမှာဖြစ်ကြောင်း” ပြောကြားသည်။

**အားပေးဝယ်ယူ**

ကိုရီးယားရုပ်ရှင်သရုပ်ဆောင်များနှင့် မြန်မာရုပ်ရှင်သရုပ်ဆောင်များ ပူးပေါင်းကုသိုလ်ယူ ဈေးရောင်းသည့်ပွဲဖြစ်ခြင်းကြောင့် ရုပ်ရှင်ချစ် မြန်မာပရိသတ်များကလည်း တစ်ခဲနက် လာရောက်အားပေး ဝယ်ယူကြကြောင်း တွေ့ရသည်။

မြန်မာ–ကိုရီးယားချစ်ကြည်ရေး ကုသိုလ်ပြုဈေးရောင်းပွဲတော်သို့ လာရောက်ကူညီပံ့ပိုးသော ရုပ်ရှင်သရုပ်ဆောင်များနှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် သရုပ်ဆောင်နေဆန်းက “ယခုပွဲတော်တွင် ပါဝင်ဆင်နွှဲခွင့်ရသည့်အတွက် အားရကျေနပ်မိကြောင်း၊ ရောင်းရငွေကို ပရဟိတလုပ်ငန်းအတွက် ပြန်လှူခြင်းဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူမိကြောင်း” ပြောကြားသည်။

**ကုသိုလ်ရချင်**

အမေများအဖွဲ့မှ ဒေါ်သဲနုခိုင်ကလည်း “ကိုရီးယားအနုပညာရှင်များ၊ မြန်မာအနုပညာရှင်များ ပူးပေါင်းဆောင်ရွက်သည့်ပွဲတွင် ကုသိုလ်ရချင်လို့ လုပ်အားလာပေးတာပါ”ဟု ဝမ်းသာအားရ ပြောကြားသည်။

**ကုသိုလ်ဖြစ်ဈေးရောင်းပွဲတော်တွင် ဝယ်ယူသူများဖြင့် စည်ကားနေသည်။**
ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

အဆိုတော် ယုဇနကလည်း “ပရိသတ်များနဲ့ အတူပျော်ချင်လို့၊ ကုသိုလ်ရချင်လို့လာရတာပါ” ဟု ပြောကြားသည်။

**အထူးလျှော့ဈေး**

ကိုရီးယားသမ္မတနိုင်ငံမှ ထုတ်လုပ်သော အမျိုးသမီးလက်ကိုင်သားရေအိတ်၊ အဝတ်အထည်၊ ကလေးကျောပိုးအိတ်၊ ဖိနပ်၊ လူသုံးကုန်ပစ္စည်းများမှာ အရည်အသွေး ကောင်းမွန်သည့်အပြင် အထူးလျှော့ဈေးဖြင့် ရောင်းချပေးခြင်းကြောင့် ပရိသတ်က တစ်ခဲနက် ဝယ်ယူအားပေးနေကြောင်းတွေ့ရသည်။ ဤဈေးပွဲတော်တွင် ကျပ်သိန်း ၂၀၀ ကျော်ခန့်ရရှိမည်ဟု ခန့်မှန်းထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**မဇေဇင်လတ် (MD-ကရဝိက် ဥယျာဉ်ကမ္ဘာပန်းခြံ)က ဈေးရောင်းပွဲတော် ကျင်းပရခြင်းအကြောင်းကို ကြေးမုံသို့ပြောကြားစဉ်။**
ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)



**ကုသိုလ်ဖြစ်ဈေးရောင်းပွဲတော်သို့ လာရောက်ရင်း ကလေးများ ပျော်ရွှင်စွာကစားနိုင်ကြသည်။**
ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

**ဒါရိုက်တာ မင်းခိုက်စိုးစန်ဦးစီးသော ပဟေဠိနန်းတော်မှ တင်ဆက်သည့်ပျော်ကြတဲ့ပွဲ၊ ရယ်ရတဲ့ပွဲ မြင်ကွင်း။** ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)

ဈေးဝယ်ပရိသတ်များထဲမှ မချိုငယ်က ကြေးမုံသို့ ပြောကြားရာတွင်“ပစ္စည်းများကို ကြိုက်နှစ်သက်ကြောင်း၊ တိုးဈေးဝယ်ယူခဲ့ရသော်လည်း ပစ္စည်းကောင်းရ၍ ကျေနပ်မိကြောင်း” ပြောကြားသည်။

**ဈေးဝယ်ရင်းကုသိုလ်ပြု**

အလှူရေစက် လက်နှင့်မကွာသည့် မြန်မာ့ဓလေ့အတိုင်း ဈေးဝယ်ရင်း ကုသိုလ်ပြုနိုင်ခြင်းကြောင့် မြန်မာ–ကိုရီးယား ကုသိုလ်ပြု ဈေးရောင်းပွဲတော်သည် စီစဉ်ကျင်းပသူတို့၏ ရည်ရွယ်ချက်အတိုင်း ပေါက်မြောက်အောင်မြင်သည့် ပွဲတော်တစ်ခုဖြစ်သည်ကို ကိုယ်တွေ့မျက်မြင် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

(ကြေးမုံ)

**ပျော်ချင်လို့လာတာပါ။ (အဆိုတော်ယုဇန)**
ဓာတ်ပုံ–ခင်မောင်ဝင်း(ကြေးမုံ)



အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(အမှတ်-၁၊ လျှပ်စစ်စွမ်းအား)

# ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်း စစ်ဆေး စီမံကိန်းကြီးသတ်မှတ်ကာလထက် စော၍ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြား

ရန်ကုန် ဇွန် ၃

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးတိုင်း မန္တလေးမြို့ အရှေ့ တောင်ဘက် ၃၁မိုင်ကွာ ရဲ-ယမန်းရွာအနီး မြစ်ငယ်မြစ်ပေါ်၌ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသို့ မေ ၃၀ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းညွှန်ကြားရေးမှူး ဦးမြင့်ဇော်၊ Colenco အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့မှ နိုင်ငံခြားသား ပညာရှင်များ၊ စီမံကိန်း၌ ပါဝင်ပူးပေါင်းဆောင်ရွက်နေသော ပြည်တွင်းရှိကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာ၌ စီမံကိန်းညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ စီမံကိန်း၏ လက်ယာဘက်ကမ်း၌ ပင်မတမံလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပင်မတမံ RCC ကွန်ကရစ်လောင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု၊ ချဉ်းကပ်ဥမင်လိုဏ်အတွင်း လုပ်ငန်းဆောင်ရွက်မှု၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေသားရှင်းလင်း တူးဖော်ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ လက်ဝဲဘက်ကမ်း၌ ပင်မတမံ လုပ်ငန်းများဆောင်ရွက်နေမှု၊ ဖိအားမြှင့် သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် RCC ကွန်ကရစ်နှင့် ရောစပ်အသုံးပြုရန် ကျောက်ကြိတ်ခွဲခြင်း လုပ်ငန်း၊ RCC ကွန်ကရစ်ဖျော်စက်များသို့ တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့ပေးသည်။

ဝန်ကြီးသည် စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးနောက် စီမံကိန်းမှ တာဝန်ရှိသူများအား ဤရေအားလျှပ်စစ်စီမံကိန်းသည် မြန်မာနိုင်ငံ၌ အကြီးမားဆုံး ရေအားလျှပ်စစ်စီမံကိန်းဖြစ်၍ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများသည် ဝမ်းမြောက်ဂုဏ်ယူ ထိုက်ကြောင်း၊ သို့ဖြစ်၍ စီမံကိန်းကြီးကို သတ်မှတ်ကာလထက် စော၍ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လုပ်ငန်းစဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် မိုးကာလတွင် လုပ်ငန်းသုံးပစ္စည်းများ အလုံအလောက် စုဆောင်းဖြည့်တင်းထားရှိရေး၊ ယာဉ်နှင့် စက်ယန္တရားများ စနစ်တကျ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်း၍ ကြံ့ခိုင်မှုပုံမှန်ပြုလုပ်ရေးတို့ကို မှာကြားသည်။

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား ၇၉၀ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်လျှင် ကီလိုဝပ် နာရီ သန်းပေါင်း ၃၅၅၀ ထုတ်လုပ်နိုင်မည့် အကြီးစား ရေအားလျှပ်စစ်စီမံကိန်းဖြစ်ပြီး ထွက်ရှိမည့် ဓာတ်အားများကို ရွှေစာရံဓာတ်အားခွဲရုံနှင့် ကျောက်ဆည်(ဘဲလင်း) ဓာတ်အားခွဲရုံများမှတစ်ဆင့် မဟာဓာတ်အားလိုင်းစနစ်နှင့် ချိတ်ဆက်၍ တစ်နိုင်ငံလုံးသို့ ဓာတ်အား ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းအတွက် ကျောက်ထုတ်လုပ်ပေးနေသော High Tech ကုမ္ပဏီ၊ Asia World ကုမ္ပဏီ၊ MSP ကုမ္ပဏီ၊ အိုလံပစ်ကုမ္ပဏီများ၏ ကျောက်ထုတ်လုပ်ရေး စခန်းများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက စီမံကိန်းရှင်းလင်းဆောင်များ၌ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များ၊ ကျောက်ကြမ်းရရှိမှု၊ ကျောက်များ အဆင့်ဆင့်ခွဲ၍ စုဆောင်းနေမှု၊ လုပ်ငန်းတွင် အသုံးပြုသည့် အရွယ်ရအောင် ကြိတ်ခွဲပုံ အဆင့်ဆင့်၊ လုပ်ငန်းခွင်(စီမံကိန်း)သို့ သယ်ယူပို့ဆောင်မှု၊ ကုန်ကြမ်း၊ ကုန်ချောများ စုဆောင်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး ကျောက်ချော၊ ကျောက်ကြမ်းများ စုဆောင်းထားရှိမှု၊ ကျောက်များကြိတ်ခွဲမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။
(အမှတ်-၁၊လျှပ်စစ်စွမ်းအား)

## ဒုလ္လဘရဟန်းခံပွဲနှင့် တရားစခန်းပွဲ

ရန်ကုန် ဇွန် ၃

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင်စဉ့်ကူးမြို့နယ် ခက်သင်ကျေးရွာ ဝေဇယန္တာကျောင်းတိုက်၌ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ (B.Sc, Phy) ၏ ကောင်းမှုဒါနအဖြစ် ဒုလ္လဘ ၅၈ပါးနှင့် သီလရှင် ၁၀ပါးတို့အား ရဟန်းခံပွဲနှင့် သီလရှင်ဝတ်ပွဲ၊ (၇)ကြိမ်မြောက် တရားစခန်းပွဲကို ဝါဆိုလဆန်း ၃ ရက်မှ ၉ ရက် (ဇွန် ၂၄ ရက်မှ ၃၀ ရက်) အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ရန်ကုန်မြို့သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန် ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ (B.Sc, Phy) နှင့် သွေးဆေးကန် အရှင်နန္ဒာစရိယတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၆-၂၀၀၆ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့်Logoယနေ့အစီအစဉ် |
| ၇:၀၅ | World Cup Special (Group-B) |
| ၇:၃၅ | Sunday Talk |
| ၈:၃၀ | တေးဂီတအစီအစဉ် |
| ၈:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၄၅ | Language Lab (ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း) |
| ၉:၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၉:၂၀ | တေးဂီတအစီအစဉ် |
| ၉:၂၅ | နိုင်ငံတကာအနုပညာရေးရာ (ကောင်းထက်ဇော်၊ မွန်မွန်) |
| ၉:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၅၅ | တေးဂီတအစီအစဉ် |
| ၁၀:၀၀ | ကျန်းမာရေးနှင့်ညီညွတ်ဖို့ သန့်ရှင်းသောအစားအစာစားကြစို့ |
| ၁၀:၁၀ | တေးဂီတအစီအစဉ် |
| ၁၀:၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၂၅ | ခံမဟုတ်တဲ့ခံတဲ |
| ၁၀:၄၀ | တေးဂီတအစီအစဉ် |
| ၁၀:၄၅ | Myanmar Video Rhythm |
| ၁၁:၂၅ | တေးဂီတအစီအစဉ် |
| ၁၁:၄၀ | ဂုန်လျှော်စိုက်ပျိုးရေးအတွက် အချိန်ကာလအလိုက် ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများ |
| ၁၁:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၅၅ | မေတ္တာနေခြည်အောက်မှ ကရုဏာပန်းကလေးများ (ရွှေကိုင်ကလေးပြုစုရေးဌာန) |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

အထက်ပါ ၅နာရီခွာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

## တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲများ ကျင်းပမည်

ရန်ကုန် ဇွန် ၃

၂၀၀၆ ခုနှစ် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲများကို ကျင်းပပေးမည်ဖြစ်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံအဆင့်ပြိုင်ပွဲများကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ပြိုင်ပွဲများကို စက်တင်ဘာ ၁၀ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိလည်းကောင်း သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများ၌ အသီးသီး ကျင်းပမည်ဖြစ်သည်။

လေ့လာထားရန် စာအုပ်များမှာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများအတွက် တပ်မတော်မော်ကွန်းတိုက်နှင့် စစ်သမိုင်းပြတိုက်မှ ထုတ်ဝေသော တပ်မတော်သမိုင်း ပထမတွဲမှ အဋ္ဌမတွဲအထိ၊ ဟံသာဝတီ ဦးဘရင် ရေးသားသော "အနော်ရထာ"၊ သတင်းစာဆရာ ဦးသိမ်းမောင် ရေးသားသော "မြန်မာသူရဲကောင်း"၊ အမျိုးသားပညာဝန် ဦးဖိုးကျား ရေးသားသော "မြန်မာ့ဂုဏ်ရည်"စာအုပ်များ ဖြစ်သည်။ အလယ်တန်းအဆင့်အတွက် တပ်မတော်သမိုင်း ပထမတွဲမှ ဆဋ္ဌမတွဲအထိနှင့် အထက်တန်းအဆင့်အတွက် တပ်မတော်သမိုင်း ပထမတွဲမှ အဋ္ဌမတွဲအထိဖြစ်ပြီး ဖြေဆိုလိုသော ကျောင်းသား၊ ကျောင်းသူများသည် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများသို့ သတင်းပို့ဖြေဆိုကြရမည်ဖြစ်သည်။ (သတင်းစဉ်)

▲ **ရွှေဖုံးမှ**

အောင်မြင်ရေးအတွက် တပ်မတော်သားများသည် ကျရာအခန်းကဏ္ဍမှ ဒေသခံပြည်သူများနှင့် လက်တွဲကာ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး၊ တပ်တွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ထိထိရောက်ရောက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်း အမှာစကားပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✳ **တနင်္သာရီတိုင်းမှ**

ဖြည့်စွက်မှာကြားပြီး အမှာစကားပြောကြားရာတွင် တိုင်းအတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများကို တက်ညီလက်ညီ ညှိနှိုင်းပေါင်းစပ်၍ တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေး၊ နိုင်ငံတော်က နိုင်ငံနှင့်အဝှမ်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေး ဒေသကြီး(၂၄)ခု သတ်မှတ်ဆောင်ရွက်ပေးခဲ့ရာ တနင်္သာရီတိုင်း၌ ထားဝယ်နှင့် မြိတ်မြို့များတွင် အခြားမြို့ကြီးများနည်းတူ တက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်နှင့် ဆေးရုံကြီးများကို အဆင့်မြှင့်တင် တည်ဆောက်ပေးပြီး ဒေသနေပြည်သူများ၏ လူမှုစီးပွားရေးဘဝများ တိုးတက်ခိုင်မာစေရန်၊ စေတနာထား ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒေသအတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် လမ်းနှင့် တံတားကြီးများကို တိုးချဲ့ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် တစ်နေရာမှ တစ်နေရာသို့ ရာသီမရွေး၊ အချိန်အခါမရွေး ကူးလူးဆက်သွယ် သွားလာနိုင်ပြီဖြစ်ကြောင်း၊ တိုင်းအတွင်း၌ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ နွေစပါး၊ မိုးစပါး အပါအဝင် ဒေသ၌ ဖြစ်ထွန်းသည့် ရော်ဘာ၊ ဆီအုန်း၊ ငရုတ်ကောင်းတို့သာမက ခြိစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကိုပါ တိုးချဲ့စိုက်ပျိုး ဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းလျာထားချက်များ ပြည့်မီကျော်လွန်ရေး၊ နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရန် နည်းလမ်းခြောက်သွယ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသတွင်း မွေးမြူရေးလုပ်ငန်းများနှင့် သယံဇာတပစ္စည်းများ တိုးမြှင့် ထုတ်လုပ်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**လှည့်လည်ကြည့်ရှု**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြ၍ မြိတ်တက္ကသိုလ် ပင်မလေးထပ်ဆောင် မြေညီထပ်၌ ငါးပြတိုက် တည်ဆောက်နေမှုကို လည်းကောင်း၊ ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်နေမှုကို လည်းကောင်း၊ စာသင်ခန်းများ ဖွဲ့စည်း တည်ဆောက်ထားရှိမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားသည်။

**တွေ့ဆုံမှာကြား**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မြိတ်တက္ကသိုလ်မှ ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ သင်ကြားစီမံ ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ မြိတ်တက္ကသိုလ်၌ ကျောင်းသား၊ ကျောင်းသူ ၃၃၈၂ဦးတို့သည် အထူးပြုဘာသာရပ် ၁၃ခု၌ ပညာသင်ကြားလျက်ရှိပြီး ပင်မအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းမှာ ၉၀ဒသမ ၅၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ ရောက်ရှိကြပြီး ဆေးရုံသစ်ကြီး တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ သမားတော်ကြီး ဒေါက်တာအုန်းမြင့်နှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ထိခိုက်ဒဏ်ရာနှင့် အရိုးကုသဆောင်၌ ဆေးရုံ တက်ရောက်ကုသလျက်ရှိကြသည့် လူနာများအား နှုတ်ဆက်အားပေးစကား ပြောကြားပြီး ခွဲစိတ်ခန်းများ ဖွဲ့စည်းထားရှိမှုနှင့် ခွဲစိတ်ခန်းသုံး စက်ကိရိယာများ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ မြိတ်မြို့၏ အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှာ ယခုအခါ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာသို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ ကောဒသမအကြိမ် နှစ်ပတ်လည် စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည် စုံညီအစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၃**

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၏ ကောဒသမအကြိမ် နှစ်ပတ်လည် စုံညီအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ အဆိုပါ ဘဏ်ရုံးချုပ်ခန်းမ၌ ကျင်းပရာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဘဏ်ဒါရိုက်တာအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဘဏ်ဒါရိုက်တာအဖွဲ့ဝင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘဏ်များအသင်းဝင်များ၊ ဘဏ်အစုရှယ်ယာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိမ်းအောင်က မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့၏ ၂၀၀၅-၂၀၀၆ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အတည်ပြုချက်ရယူသည်။

ယင်းနောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးစာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး တက်ရောက်လာကြသည့် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ကို ရယူသည်။

ထို့နောက် ဒါရိုက်တာ အဖွဲ့ဝင်များ နုတ်ထွက်ကြသည်။ ယင်းနောက် ၂၀၀၆ -၂၀၀၇ ခုနှစ်အတွက် ဒါရိုက်တာ အဖွဲ့ဝင်သစ်များကို ရွေးချယ်တင်မြှောက်ကြပြီး ၎င်းတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။

ဆက်လက်၍ ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် စာရင်းစစ်အဖွဲ့ကို ရွေးချယ်တာဝန်ပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်က နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၅-၂၀၀၆ ခုနှစ်အတွက် အစုရှယ်ယာများအပေါ် အမြတ်ငွေများကို ဇွန် ၅ ရက်မှ စတင်၍ အဆိုပါဘဏ်၌ ထုတ်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)


ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
၂၀၀၆ ခုနှစ် ဇွန်လ ၅ ရက်

သဲကန္တာရ တားဆီးရေး ခြောက်သွေ့မြေများထိန်းသိမ်းပေး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်


**မြို့ရွာတစ်ခွင် သာစေချင် မီးတွင်း မပေါ့နှင့်**

## ✳ ကာကွယ်ရေးဝန်ကြီးဌာနမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ပြည်သူ့ဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေက စိုက်ခင်းမြေကို သစ်တောရေးရာဝန်ကြီးဌာနမှ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီက လွှဲပြောင်းယူမှု၊ စိုက်ခင်းအကျယ်အဝန်း၊ ကျွန်းပင်များစိုက်ပျိုးပြီးစီးမှု၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု၊ ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စိုက်ခင်းအတွင်း သစ်ခိုးခုတ်မှုများကို ထိရောက်စွာ တားဆီးရေး၊ ဇီဝလောင်စာဆီအဖြစ် အသုံးပြုနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးရေး၊ ကမ္ဘာ့ဈေးကွက်တွင် ဈေးကောင်းရနေသည့် ရော်ဘာပင်ကိုလည်း ထည့်သွင်းစိုက်ပျိုးရေးစသည်တို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ကျွန်းစိုက်ခင်းဧက ၄၀၀တွင် ယနေ့စိုက်ပျိုးသည့် ခြံစည်းရိုးကြက်ဆူပင် အပင် ၄၀၀၀ အပါအဝင် ယနေ့အထိ ခြံစည်းရိုးကြက်ဆူပင် ၃၄၉၈၂၀ပင် စိုက်ပျိုးပြီးစီးပြီး နောက်ထပ်ဧက ၁၀၀ တိုးချဲ့၍ စုစုပေါင်းဧက ၅၀၀၌ ခြံစည်းရိုးကြက်ဆူပင်ခြောက်သိန်းကို လာမည့် ဇူလိုင်အတွင်းအပြီး စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် အဆိုပါကျွန်းစိုက်ခင်း၌ ၁၉၉၈–၉၉ ခုနှစ်မှစတင်၍ ကျွန်းပင် အပင် ၆၀၀၀၀ စိုက်ပျိုးထားကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ကျွန်းစိုက်ခင်းကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရှုရပ်မျှော်စင်ပေါ်မှ ကျွန်းစိုက်ခင်းအခြေအနေ၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

## ● NLD ပါတီမှ

ဆောင်ရွက်၍ မိုးညှင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးကျော်စိန်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အခမ်းအနားတွင် နုတ်ထွက်လွှာပေးအပ်သူ ၆၁ ဦးတို့၏ ကိုယ်စား မိုးညှင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးမြင့်သိန်းက ပါတီမှ နုတ်ထွက်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားရာတွင် ယခုဆိုလျှင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ မြို့နယ်များနှင့် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ NLD ပါတီမှ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အလုပ်အမှုဆောင်များ၊ ပါတီဝင်များသည် တစ်ဦးချင်းအလိုက်သော်လည်းကောင်း၊ အစုအဖွဲ့အလိုက်သော်လည်းကောင်း အဆက်မပြတ် တဖွဲဖွဲ နုတ်ထွက်လျက်ရှိကြောင်း၊ ပါတီ၏ မှားယွင်းသော လုပ်ရပ်၊ အာဏာရရှိရေး၊ လူတစ်စု ကောင်းစားရေးကိုသာ ရှေ့တန်းတင် ဆောင်ရွက်နေသည့် NLD ပါတီ၏ လုပ်ရပ်များကို စိတ်ကုန်ခန်းပြီး ပါတီလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် ဆန္ဒမရှိတော့သည့်အတွက် စိတ်တူ၊ ကိုယ်တူ၊ဆန္ဒတူညီစွာဖြင့် ယခုကဲ့သို့ နုတ်ထွက်ကြသည်ကိုလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်မိကြောင်း၊ ၁၉၈၈ ခုနှစ်တွင် ပြည်သူများသည် တစ်ပါတီစနစ်အစား ပါတီစုံဒီမိုကရေစီစနစ် ပြောင်းလဲကျင့်သုံးရန် ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း၊ ပါတီစုံဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်ရာတွင် တိုင်းပြည်၏ အကျိုးစီးပွားကို ရှေးရှုပြီး ရိုးသားစွာ ပါဝင်ဆောင်ရွက်လိုသည့်အတွက် NLD ပါတီသို့ ပါတီဝင်အဖြစ် ဝင်ရောက်ခဲ့ကြောင်း၊ သို့ရာတွင် NLD ပါတီသည် ပြည်သူအများ မျှော်မှန်းထားသည့် တိုင်းပြည်၏အကျိုးစီးပွားကို မကြည့်ဘဲ တိုင်းပြည်နှင့် လူမျိုး၏ အကျိုးစီးပွား ဆုတ်ယုတ်စေမည့်၊ တိုင်းပြည်တစ်ပြည်လုံး သူတစ်ပါးသြဇာခံဘဝ ရောက်ရှိစေမည့် နည်းလမ်းများကိုသာ တစိုက်မတ်မတ် လုပ်ဆောင်နေသည်ကို မြင်တွေ့ရကြောင်း၊ NLDပါတီ၏ နိုင်ငံရေး လုပ်ဆောင်မှုအနေအထားသည် ယုံကြည်ချက်လမ်းကြောင်းပေါ်မှ သွေဖည်နေသည်ကို တွေ့မြင်နေရကြောင်း၊ အမိန့်ဟူသမျှဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်လေးပိတ်စနစ်ဖြင့် နိုင်ငံတော်ကို ပိတ်ဆို့ရေး၊ ပြည်တွင်းအင်အားကို လျစ်လျူရှု၍ ပြည်ပအားကိုးရေးဆိုသည့် မှားယွင်းသောမူဝါဒဖြင့် အစဉ်တစိုက် ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ NLD ပါတီသည် ပြည်ပြေးအဖွဲ့များ၊ အကြမ်းဖက် အဖျက်သမားများနှင့်လည်း ဆက်စပ်ပတ်သက်မှုရှိနေကြောင်း၊ နိုင်ငံတော်အစိုးရက NLD ကို မတရားအသင်းကြေညာနိုင်ရန် ခိုင်လုံသည့် အထောက်အထားများ ရရှိထားကြောင်းကို ကျိုင်းတုံမြို့၌ မေ ၂၆ ရက်တွင် ပြုလုပ်ခဲ့သည့် သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ(၄/၂၀၀၆)၌ရှင်းလင်းသွားကြောင်း၊ မိုးညှင်းမြို့နယ် NLD ပါတီ၏ လက်ရှိအနေအထားကို တင်ပြရမည်ဆိုလျှင် ၁၉၉၁ ခုနှစ် မေ ၂၆ ရက်စွဲဖြင့် NLD ဗဟိုမှ အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ ၁၉၉၇ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် တစ်ကြိမ်၊ ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် တစ်ကြိမ် အလုပ်အမှုဆောင်အဖွဲ့ကို (၃)ကြိမ်တိုင်တိုင် ဗဟိုမှပြောင်းလဲဖွဲ့စည်းပေးခဲ့ကြောင်း၊ အဖွဲ့အတွင်း စိတ်ဝမ်းကွဲပြားနေပြီး ညီညွတ်မှုလည်း မရှိကြောင်း၊ ၎င်းလုပ်ရပ်များကို ကြည့်မည်ဆိုပါက NLD ပါတီသည် အမျိုးသားရေးကို ဗန်းပြပြီး နိုင်ငံတော်ပျက်စီးစေရန်၊တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန် အဖျက်သဘောဆောင်သည့် လုပ်ရပ်များ လုပ်ဆောင်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်နှင့် NLD ပါတီ၏ လုပ်ရပ်များကို နှိုင်းယှဉ်ကြည့်စရာမလိုဘဲ မည်သူက အပြုသမား၊ မည်သူက အဖျက်သမားဖြစ်သည်ကို အလွယ်တကူ သိရှိနိုင်ကြောင်း၊ အာဏာရရှိရေးကို ရှေးရှုပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုးစီးပွား တိုးတက်ရေးလုပ်ငန်းများကို လျစ်လျူရှုထားသည့် NLD ပါတီ၏ တဇွတ်ထိုး၊ တဇောက်ကန်းလုပ်ရပ်များကို စိတ်ပျက်ငြီးငွေ့သဖြင့် မိမိတို့ဆန္ဒအလျောက် ပါတီဝင်အဖြစ်မှ နုတ်ထွက်ကြခြင်းဖြစ်ကြောင်း၊ ပါတီဝင်အဖြစ်မှ နုတ်ထွက်ပြီး ပါတီနိုင်ငံရေးထက် အမျိုးသားနိုင်ငံရေးကို နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် မိမိတို့ လုပ်ဆောင်ချက်များအပေါ် မှန်ကန်သည်ဟု ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် NLD ပါတီမှ နုတ်ထွက်သူ ၆၁ ဦးတို့၏ကိုယ်စား မိုးညှင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးချစ်မြိုင်က နုတ်ထွက်လွှာများကို မိုးညှင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌထံ ပေးအပ်ပြီး အခမ်းအနားကို မွန်းလွဲ ၂နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ၂၀၀၅ ခုနှစ်အတွင်း ထူးချွန်ဆုရရှိသော မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းများအား ဆုပေးအပ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

## ❀ သတ္တဝါမျိုးစိတ်အသစ်မှ

ဖော်ထုတ်တွေ့ရှိခဲ့သော သတ္တဝါသစ်များမှာ မျက်မှောက်ကမ္ဘာကြီးနှင့် အဆက်အသွယ်ပြတ်နေသော ကမ္ဘာသစ်မှ သတ္တဝါအသစ်များကို တွေ့ရှိရသည်နှင့်ပင်တူသည်။ ထိုသတ္တဝါများသည် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကတည်းက ရှိခဲ့သော သက်ရှိများဖြစ်သည်ဟု ယူဆရကြောင်း အစ္စရေးတက္ကသိုလ် ဂေဟဗေဒဌာနမှ ဟာနန်ဒီမင်မန်က ပြောကြားသည်။

တွေ့ရှိထားသော သတ္တဝါသစ်များကို အုပ်စုခွဲကြည့်မည်ဆိုလျှင် အကြမ်းအားဖြင့် အုပ်စုနှစ်စု ရှုမြင်နိုင်သည်။ တစ်စုမှာ ဘက်တီးရီယားသတ္တဝါမျိုးဖြစ်ပြီး အခြားတစ်စုမှာ ကင်းမြီးကောက်မျိုးဖြစ်သည်။

အစ္စရေးသိပ္ပံပညာရှင်များ တွေ့ရှိထားသော မျက်စိမပါသော ကင်းမြီးကောက်မျိုးမှာ ယခင်အခါက အရှေ့အလယ်ပိုင်းဒေသတွင် လုံးဝမတွေ့ဖူး၊ မမြင်ဖူးသော သတ္တဝါမျိုးဖြစ်သည်ဟု ၎င်းက ဆိုသည်။

မျက်စိမပါသော ကင်းမြီးကောက်မျိုးကို တောင်အာဖရိကဒေသတွင် တွေ့နိုင်သော်လည်း ယခုနှစ် မေလကုန်ပိုင်းတွင်မှသာ အလားတူကင်းမြီးကောက်မျိုး အရှေ့အလယ်ပိုင်းဒေသတွင် ရှိနေကြောင်း အစ္စရေးသိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိမှသာ သိကြရခြင်းဖြစ်သည်။

**အင်တာနက်**

# မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်အသင်းများအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဇွန် ၃

**မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းအတွင်းရှိ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအား ဂုဏ်ပြုပွဲကို မေ ၂၈ ရက် ည ၇ နာရီခွဲက ချမ်းအေးသာစံမြို့နယ်ရှိ အိုရီယင်တယ်ခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားပြီး မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ထူးချွန်ဆုရရှိကြသည့် ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

# သဲအင်းဂူ အဝိဗ္ဗာန်စခန်း

**ရန်ကုန် ဇွန် ၃**

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီးတွင် မူလသဲအင်းဂူဆရာတော်ကြီး၏ မူလကမ္မဋ္ဌာန်းမှုနှင့်အညီ ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မသာမိ (ကျောက်ပန်းတောင်း) အရှင်သူမြတ်က ဇွန် ၁၁ ရက်မှ ၁၈ ရက်နေ့ထိ ခုနစ်ရက်တရားစခန်းဖွင့်၍ ဝိပဿနာ အလုပ်ပေး တရားတော်များအား ဟောကြားပြသမည်ဖြစ်ပြီး ကျေးဇူးရှင် မူလသဲအင်းဂူဆရာတော်အား ပူဇော်ပွဲကို ဇွန် ၁၂ ရက် တနင်္လာနေ့ မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကြွရောက်ပူဇော်ကြရန်နှင့် စခန်းဝင်ယောဂီများ ဇွန် ၁၀ ရက် (စနေနေ့) ညနေ ၅ နာရီအရောက် စာရင်းပေးသွင်းနိုင်သည်။ (က–ပ)

**သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဗ/မြောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကို ဇွန် ၃ ရက်က သုမင်္ဂလာလမ်း စိုက်ခင်း၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းစိုက်ပျိုးကြစဉ်။** (၅၀၆)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၄–၆–၂၀၀၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀ ၆။ အကပြိုင်ပွဲ
၈:၁၅ ၇။ စလင်းရေလှောင်တမံ
၈:၂၅ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Say it in English.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “Doraemon”**
၁၁:၄၀ ၄။ ဝင့်ထည်တိုးပွား ဆားလင်းကြီးရဲ့စွမ်းအား
၁၁:၅၀ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း “အချစ်ကိုတွေ့ရှိခြင်း” (ကျော်သူ၊ ခန့်စည်သူ၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ–နောင်ထွန်းလွင်၊ ညီညီထွန်းလွင်) (ကျော်ရဲအောင်၊ချစ်သူ၊ ဇော်ဝင်းမောင်၊မော့စ်၊ လင်းဇာနည်ဇော်၊ပွင့်) [ဒါရိုက်တာ–ခင်ဇော်၊ မြင့်စိုး (ဝ/သ ရန်ကုန်)]**
၁:၃၀ ၆။ အတီးပြိုင်ပွဲ
၁:၄၅ ၇။ ကျေးပင်အက်ရေလှောင်တမံ
၂:၀၀ ၈။ အဆိုပြိုင်ပွဲ
၂:၁၅ ၉။ **“စည်းကမ်းလိုက်နာဘေးကင်းမှာ”**
၂:၃၀ ၁၀။ ကုန်စည်တိုးပွားတွံတေးတံတား
၂:၄၅ ၁၁။ International News.
၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၅:၁၅ ၆။ တေးဂီတအစီအစဉ်
၅:၃၀ ၇။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ Discovery.
၆:၄၅ ၁၁။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၆:၅၅ ၁၂။ တေးဂီတအစီအစဉ်
၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဖြူစင်မေတ္တာ” (အပိုင်း–၂)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်မိပြီဆိုရင်” (အပိုင်း–၅၀)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

# ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့နယ်များ၌ ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုး တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းတက်ရောက်၍ ခြစည်းရိုးကြက်ဆူပင်များစိုက်ပျိုးပေး

ရန်ကုန် ဇွန် ၃

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်များ၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲများသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ ပါဝင်စိုက်ပျိုးပေးသည်။**

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ကွမ်းခြံကုန်းမြို့နယ် ဝါးကောက်တောကျေးရွာ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကား ပြောကြားပြီး တက်ရောက်လာသူများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို စိုက်ပျိုးရန် ပေးအပ်ပြီး စုပေါင်းစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်သို့တက်ရောက်၍ အမှာစကား ပြောကြား၍ ခြံစည်းရိုးကြက်ဆူပျိုးပင်များကို စိုက်ပျိုးရန်ဝေငှပေးပြီး အမှတ်တရစိုက်ပျိုးပေးသည်။

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့် အိမ်ရှင်မများ တိုင်းရင်းဆေးပညာဖြင့်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ယင်းနောက် ကွမ်းခြံကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်တင်ကြူက မြို့နယ်မှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ အစောင် ၁၀၀ ကို ဒေါ်မာမာဝေထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ကလေးများသာယာသော ပတ်ဝန်းကျင်နှင့် အမှိုက်ကင်းစင်၊ ခြင်ကျားကင်းစင်၊ ဆေးလိပ်ကင်းစင်သော ကျောင်းအဖြစ် သတ်မှတ်နိုင်ရေး လုပ်ငန်းရှင်းလင်းပွဲ အခမ်းအနားကို ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပရာ ဒေါ်မာမာဝေက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းက ကလေးများအတွက် သာယာသော ပတ်ဝန်းကျင်နှင့် အမှိုက်ကင်းစင်၊ ခြင်ကျားကင်းစင်၊ ဆေးလိပ်ကင်းစင်ကျောင်းအဖြစ် သတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ကွမ်းခြံကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် ကော့မှူးမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့် ရေကောင်းရေသန့်ရရှိရေး၊ ယင်လုံအိမ်သာသုံးစွဲရေးနှင့်ဆေးလိပ်မသောက်ရေး ဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး ကော့မှူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်သိန်းထံသို့ ရေသန့်စက်လှူဒါန်းသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမူ၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းနှင့် အဖွဲ့ဝင် ဒေါက်တာဒေါ်ခင်သက်မြိုင်တို့က ယင်လုံအိမ်သာသုံးစွဲရေး အထောက်အကူပြု အိမ်သာခွက်များကို မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ကော့မှူးမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာစိန်အေးက ဆေးလိပ်မသောက်ရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့မှူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝေက ကျောင်းသုံးပရိဘောဂနှင့်ပစ္စည်းများ ဝယ်ယူရန်အတွက် ငွေကျပ် သုံးသိန်းနှင့် မြို့နယ်အတွင်းရှိ စာသင်ကျောင်း သုံးကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၄၀တို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

## ကြက်ဆူပျိုးပင်များပေးအပ်

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ကွမ်းခြံကုန်းမြို့နယ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်စဉ်။** (သတင်းစဉ်)

**ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ကော့မှူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်သိန်းထံ ရေသန့်စက်ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ငှက်ဖျား၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် ဆေးစိမ်ခြင်ထောင်များထောက်ပံ့ပေးအပ်ပွဲကို မေ ၃၀ ရက်က ဒေါပုံမြို့နယ် အလက (၃) ခန်းမတွင်ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ် ဆေးစိမ်ခြင်ထောင်များ ပေးအပ်စဉ်။** (မိခင်/ကလေး)

## အာဆီယံရေဒီယို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဇွန် ၃**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ Asean in Action စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အကြောင်း သိကောင်းစရာများအတွက် အပတ်စဉ်စနေနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ထုတ်လွှင့်လျက်ရှိသည်။

၂၀၀၆ ခုနှစ် မေလအတွင်း မြန်မာ့အသံရေဒီယို အစီအစဉ်က ထုတ်လွှင့်ခဲ့သော အာဆီယံအကြောင်း သိကောင်းစရာများအတွက်အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက်ဖြေဆိုကြသည်။ ဖြေဆိုသူများအနက် ပထမဆုကို မောင်ဟိန်းထက်ဇော် ဖြူးမြို့ ပဲခူးတိုင်း၊ ဒုတိယဆုကို မမြတ်သန္တာအောင် ပေါင်မြို့ မွန်ပြည်နယ်၊ တတိယဆုကို မသင်းသင်းဌေး ရွှေကျင်မြို့ ပဲခူးတိုင်းနှင့် နှစ်သိမ့်ဆုကိုမောင်ရဲသစ်လွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်တိုင်းတို့က အသီးသီးရရှိကြပြီး ဆုများကို တာဝန် ရှိသူများက ပေးအပ်ကြသည်။

လစဉ်ပထမပတ်တိုင်းတွင် ကျင်းပသော အာဆီယံဉာဏ်စမ်းပဟေဠိ အစီအစဉ်ကို ဝင်ရောက်ဖြေဆိုလိုကြသူ ပြည်နယ်၊ တိုင်းအသီးသီးမှဝါသနာရှင်များသည် အသက်အရွယ်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိဘဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းဖြေဆိုနိုင်ကြသည်။ (သတင်းစဉ်)

**အင်းစိန်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်း ဆိုင်ရာ DOTS ဆေးတိုက်ကျွေးသူများ သင်တန်းဖွင့်ပွဲကို ဇွန် ၃ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး အပေါ်ထပ်၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြ သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။**

(၆၁)



## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၄-၆-၂၀၀၆ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၅** ၁၀။ **ဆရာတော်ဦးဃောသိတ တရားတော်** –ဖဂ္ဂုနရဟန်း
- **၉:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၉:၁၆** ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် – လူတစ်ယောက်အကြောင်း**
- **၁:၅၀** ၆။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၁:၅၉** ၇။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၈။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၄:၂၅** ၄။ မျိုးချစ်တပ်မတော်
- **၄:၄၅** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၁။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- **၆:၄၅** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – မေတ္တာသည်သာ (အပိုင်း-၂၂)**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၆။ ကျန်းမာသုတ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – လက်မတင်ကလေး (အပိုင်း-၉)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

# အားနည်းချက်ကိုပြုပြင်၍ အားသာချက်ကို ထိန်းသိမ်းမြှင့်တင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်တိုးတက်ရေးဆောင်ရွက်

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မီးသတ်ဦးစီးဌာန၏ ၂၀၀၆ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

ရန်ကုန် ဇွန် ၃

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)အစည်းအဝေး ခန်းမ၌ ကျင်းပသော မီးသတ်ဦးစီး ဌာန၏ ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

### တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန အထူး အရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ချုပ်များ၊ ဌာနချုပ်မှ အရာရှိကြီးများ၊ ပြည်နယ်နှင့် တိုင်းမီးသတ်ဦးစီးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေက နိုင်ငံတော်အကြီး အကဲ၏ လမ်းညွှန် မှာကြားချက်များ ကို ထပ်ဆင့်ရှင်းလင်းမှာကြားပြီး ၂၀၀၅ ခုနှစ်အတွင်း လုပ်ငန်း ဆောင်ရွက်ချက် များကို ပြန်လည်သုံးသပ်စိစစ်၍ အားနည်းချက်များကို ပြုပြင်ဆောင်ရွက် ကြရန်နှင့် အားသာချက်များကို ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွား မည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ကျရာ ကဏ္ဍမှ ဦးလည်မသုန် တာဝန်ထမ်း ဆောင်ကြရန်လိုကြောင်း၊ လုပ်ငန်းခွင် စည်းလုံးညီညွတ်ရေး၊ တိုင်းကျိုးပြည် ဆောင်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ် ဓာတ်များ ထက်မြက်ခိုင်မာပြီး နိုင်ငံ တော် အေးချမ်းသာယာရေး၏ အရန် အင်အားစုကြီးအဖြစ် ဖွံ့စည်းလေ့ကျင့် တည်ဆောက်သွားကြရန်နှင့် ရှေ့ လုပ်ငန်းစဉ်များကို တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် တာဝန်ကျေပွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွား ကြရန်မှာကြားသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် ဗဟိုမီးသတ်သင်တန်း ကျောင်း ကျောင်းအုပ်ကြီးနှင့် ပြည်နယ်/ တိုင်းမီးသတ် ဦးစီးဌာနမှူးများက မိမိ တို့ဌာနနှင့် ပြည်နယ်/တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေး တင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ကို ဖြည့်ဆည်းမှာကြားပြီး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက် သည်။

ထို့နောက်လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီး ဌာနတို့အောက်ရှိ ဝန်ထမ်းများအား မွန်းလွဲ ၁နာရီတွင် မီးသတ်ဦးစီးဌာန (ရုံးချုပ်)သီတာခန်းမ ၌ တွေ့ဆုံ၍ မိမိတို့ ဝန်ကြီးဌာနများ သည် နိုင်ငံတော်၏ လူမှုဆိုင်ရာ ကိစ္စ အဝဝကို ဆောင်ရွက်ပေးနေသော ဝန်ကြီးဌာနများဖြစ်ကြောင်း၊ နိုင်ငံတော် တည်ဆောက်နေမှုနှင့် တိုးတက် အောင်မြင်နေသော အခြေအနေများကို ဝန်ထမ်းတိုင်း သိရှိနားလည်ထားရန် လိုကြောင်း၊ တာဝန်ကျေပွန်သော ဝန်ထမ်းဖြစ်ရုံသာမက မိမိ၏လုပ်သက်၊ အတွေ့အကြုံ၊ ဗဟုသုတနှင့် တတ်ကျွမ်း သည့်ပညာရပ်များကို အသုံးပြု၍ နိုင်ငံ့ အကျိုးပြုလုပ်ငန်းများတွင် ကျရာ တာဝန်ကဏ္ဍက ကြိုးစားဆောင်ရွက် သွားကြရန်လိုအပ်ကြောင်း၊ နိုင်ငံချစ် စိတ်၊ မျိုးချစ်စိတ်၊ တိုင်းကျိုးပြည်ဆောင် စိတ်များကို အခြေခံ၍ မိသားစု စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ် များဖြင့် နိုင်ငံတော် တိုးတက်ရေး အတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်သွားရန်မှာကြားသည်။
(သတင်းစဉ်)

## ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၁၁) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇွန် ၃**

ကျေးလက်ဒေသနေပြည်သူများ ခေတ်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများရရှိနိုင်ရန်ရည်ရွယ်၍ ဒို့ကျေးရွာ ဂျာနယ် အတွဲ(၃) အမှတ်(၁၁) ကို ဇွန် ၁ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ထိုဂျာနယ်တွင် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး၊ စီးပွားဖြစ် နာနတ် စိုက်ပျိုးရေး၊ သီးနှံလေလွင့် ပျက်စီးဆုံးရှုံးမှုမရှိစေရန်၊ စပါးခင်းတွင် ငါးမွေးခြင်း အကျိုးကျေးဇူး၊ လွယ်ကူသက်သာငါးမွေးပါ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် ကျေးလက် ဒေသ မွေးမြူရေး၊ လူတိုင်းအတွက် ပြည့်စုံသော ကျန်းမာရေး၊ လဲနေသူ ထူပေးပါ အားငယ်သူ အားပေးပါ စသော ဝတ္ထု၊ ပုံပြင်၊ ဆောင်းပါး၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍ ဖွယ်ဖွယ်ရာရာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနများ၌ ဝယ်ယူရရှိနိုင်ပြီး ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ်(၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း- ၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

**အင်းစိန်မြို့ အင်းစိန်ဈေးနှင့် လဟာပြင်ဈေးတို့မှ အင်းစိန်မြို့ကွက်သစ် မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာနာရေးကူညီမှု အသင်းသို့ လစဉ်စုပေါင်းလှူဒါန်းလျက်ရှိပြီး ဧပြီလအတွက် အလှူငွေကျပ် ၂၁၀၀၀၀ ကို ဈေးအကျိုးတော်ဆောင်များက လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ(၁) ဦးထွန်းမင်းနှင့် အဖွဲ့က လက်ခံရယူစဉ်။** (ကြေးမုံ)

## အရှေ့တောင်အာရှ လူငယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ မြန်မာလူငယ် အားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၃**

(၁၂)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်စားပွဲတင် တင်းနစ်ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇွန် ၄ရက်မှ ၈ရက်အထိ ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲသို့ မြန်မာစားပွဲတင်တင်းနစ်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

မြန်မာအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဝင်းနိုင် (အထွေထွေ အတွင်းရေးမှူး)၊ အုပ်ချုပ်သူအဖြစ် ဦးထွန်းနိုင်ဦး (တွဲဖက်အထွေထွေ အတွင်း ရေးမှူး)၊ နည်းပြအဖြစ် Mr.Deng Zhi Xiong တို့က ဆောင်ရွက်ပြီး ကစားသမားများအဖြစ် သက်ကိုကိုလတ်(အလက-၂၊ ဒဂုံ)၊ ရဲအောင်နိုင် (ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးကျောင်း)နှင့် သီဟနိုင်(ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး ကျောင်း)တို့ ပါဝင်ကြသည်။ **(အပေါ်ပုံ)**

ထို့ပြင် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော် (MD.Asia Point Bowling) နှင့် အမှုဆောင် ဦးမောင်မောင်သန်းတို့သည် အရှေ့တောင်အာရှ စားပွဲတင်တင်းနစ် အစည်းအဝေးသို့ တက်ရောက်ကြမည် ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)



# မုတ်သုံလေ အားကောင်းမည်

**၂၀၀၆ခုနှစ် ဇွန်လ ၃ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်**
**ယနေ့နံနက် ၉း၃၀ နာရီအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့် အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းနှင့်မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ သံတွဲမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ဟသ်ာတမြို့တွင် ၂ ဒသမ ၄၇ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ သာယာဝတီမြို့တွင် ၁ ဒသမ ၇၇ လက်မနှင့် ပဲခူးမြို့တွင် ၁ ဒသမ ၅၈ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေအားကောင်း နေသည်။

**၂၀၀၆ ခုနှစ် ဇွန်လ ၄ရက် ညနေအထိ ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာ စိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေအားကောင်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

အမြင့်ဆုံးအပူချိန် ၂၉ ဒသမ ၄ ဒီဂရီစင်တီဂရိတ် (၈၅ ဒီဂရီဖာရင်ဟိုက်)
**၂-၆-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၀ ဒသမ ၁ ဒီဂရီစင်တီဂရိတ် (၆၈ ဒီဂရီဖာရင်ဟိုက်)

**၃-၆-၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၈ ရာခိုင်နှုန်း ၃-၆-၂၀၀၆
နေပူသည့်နာရီပေါင်း ၂ ဒသမ ၄ နာရီခန့် ၂-၆-၂၀၀၆

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၃-၆-၂၀၀၆ | ၀ . ၈၂လက်မ | ၀ . ၆၇လက်မ | ၁ .၁၈လက်မ |
| ၁-၁-၂၀၀၆ရက်မှ ယနေ့အထိ | ၁၆ . ၅၇ လက်မ | ၂၁ .၃၈ လက်မ | ၂၂ . ၆၈ လက်မ |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂-၆-၂၀၀၆ရက် ၁၁း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၄ မိုင်နှုန်း တိုက်ခတ်သည်။

# အင်တာနက် စီးပွားရေးသတင်း

## အမေရိကန်ကားများအရောင်းကျ အာရှကားများအရောင်းသွက်

**ဝါရှင်တန် ဇွန် ၃**

အမေရိကန်နိုင်ငံတွင် ဓာတ်ဆီလောင်စာဈေးနှုန်းများ မြင့်မားလာသည့်အတွက် ဆီစားများသော အမေရိကန် ကားများကို အဝယ်နည်းသွားကာ အာရှနိုင်ငံထုတ်ကားများ အရောင်းသွက်လာလျက်ရှိသည်။

အရောင်းကျသွားသော အမေရိကန်ကားများတွင် စပို့တ်ယူတီလတီကားခေါ် (အက်စ်ယူဗွီ)ကားများနှင့် ထရပ်ကားများပါဝင်သည်။ ယင်းသို့ အမေရိကန်ကားများ အဝယ်မလိုက်သည့်အတွက် ဂျင်နရယ်မော်တော်(ဂျီအမ်)၊ ဖို့ဒ်နှင့် ဒင်မလာ ခရိုက်စလာ ကားကုမ္ပဏီကြီးများ နစ်နာကြရသည်။

မေလ အရောင်းပမာဏတွင် ဂျီအမ်ကုမ္ပဏီ၏ အရောင်းသည် ၁၆ ရာခိုင်နှုန်း၊ ဖို့ဒ်ကုမ္ပဏီ၏ အရောင်းသည် ၆ ရာခိုင်နှုန်းနှင့် ခရိုက်စလာကုမ္ပဏီ၏ အရောင်းသည် ၁၁ ရာခိုင်နှုန်း အသီးသီး ကျဆင်းသွားသည်။



**အမေရိကန်ဈေးကွက်တွင် ရောင်းချနေသော ဖို့ဒ်ကားတစ်စီးကို တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

ကားဝယ်ယူသူများသည် အရွယ်အစားငယ်ပြီး ဆီစားသက်သာသော ကားများဘက်သို့ ဦးလှည့်ကာ ဝယ်ယူကြသဖြင့် ဂျပန်နှင့် တောင်ကိုရီးယားကားများမှာ အမေရိကန်ဈေးကွက်တွင် အဝယ်လိုက်လာကြောင်း သိရသည်။

### မြင့်တက်

ပြီးခဲ့သောလ အရောင်းပမာဏတွင် တိုယိုတာကုမ္ပဏီ၏ အရောင်းသည် ၁၂ဒသမ၃ ရာခိုင်နှုန်း၊ ဟွန်ဒါကုမ္ပဏီ၏ အရောင်းသည် ၁၁ဒသမ၄ ရာခိုင်နှုန်းနှင့် ဟွန်ဒိုင်းကားကုမ္ပဏီ၏ အရောင်းသည် ၅ ရာခိုင်နှုန်း အသီးသီး မြင့်တက်လာသည်ဟုဆိုသည်။

ယခင်က အမေရိကန်ကားဈေးကွက်တွင် ဂျီအမ်၊ ဖို့ဒ်နှင့် ခရိုက်စလာကုမ္ပဏီထုတ် ကားများသည် ၅၇ဒသမ၆ ရာခိုင်နှုန်း အချိုးအစား နေရာယူထားနိုင်ခဲ့သည်။ သို့သော်လည်း ထိုကုမ္ပဏီသုံးခုသည် လက်ရှိအခြေအနေတွင် စိုးမိုးထားသော ကားဈေးကွက်၏ အချိုးအစားမှာ ၅၂ဒသမ၉ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်ကို စာရင်းအင်းများက ဖော်ပြသည်။

### အာရှကားဈေးကွက်

တစ်ချိန်တည်းမှာပင် အဝယ်လိုက်လာသော အာရှကားများ၏ အမေရိကန်ကားဈေးကွက်တွင် ရယူထားနိုင်သော အချိုးအစားသည် ၄၀ဒသမ၂ ရာခိုင်နှုန်းအထိ ရှိလာသည်ကို တွေ့ရသည်ဟု ဆိုသည်။

အမေရိကန် စီးပွားရေးအလားအလာအပေါ် ပြည်သူများက ပူပန်ကြခြင်း၊ ဘဏ်များ၏ အတိုးနှုန်းများ မြင့်တက်လာခြင်းနှင့် လောင်စာဆီဈေးနှုန်းများ ကြီးမြင့်လာခြင်းသည် အမေရိကန်ကားများကို အဝယ်ကျဆင်းစေသောအကြောင်းများဖြစ်သည်ဟု ဆိုသည်။ အမေရိကန်တွင် လောင်စာတစ်ဂါလန်ဈေးနှုန်းသည် သုံးဒေါ်လာနီးပါးအထိ ရှိလာသည်။

ဈေးကွက်အခြေအနေကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန် ကားကုမ္ပဏီကြီးသုံးခုသည် လောလောဆယ်တွင် ကားထုတ်လုပ်မှုလျှော့ချခြင်း၊ ဝယ်ယူသုံးစွဲသူများကို မက်လုံးပေးခြင်း စသည့် ဝန်ဆောင်မှုများကိုပြုလုပ်ကာ ဈေးကွက်ကို ထိန်းထားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

***အင်တာနက်။***

# ကမ္ဘာ့ဖလားပွဲ အကြိုသတင်းများ

**အီတလီအသင်းမှ တော့တီ** (ယာ) **က ယူကရိန်းအသင်းမှ အင်နာတိုလီ တီမိုရှာယွတ်နှင့် ဘောလုံးယှဉ်လုစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

## ကမ္ဘာ့ဖလားပွဲအကြို ချစ်ကြည်ရေးခြေစမ်း အီတလီနှင့် ယူကရိန်း ဂိုးမရှိသရေကျ

**လော်ဆိန်း (ဆွစ်ဇာလန်) ဇွန် ၃**

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် အီတလီအသင်းနှင့် ယူကရိန်အသင်းတို့ ဆွစ်ဇာလန်နိုင်ငံ လော်ဆိန်းမြို့တွင် သောကြာနေ့က ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေကျခဲ့ကြသည်။ အီတလီ အသင်းသည် ယခုအချိန်အထိ ၁၈ပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်ကိုထိန်းထားနိုင်သည်။

အီတလီအသင်းသည် ယခုရက်သတ္တပတ် အစောပိုင်းက ဆွစ်ဇာလန်အသင်းနှင့် ခြေစမ်းပွဲကစားခဲ့စဉ်ကထက် ဖန်တီးမှုစွမ်းရည် ပိုမိုပြသလာနိုင်သည့်အပြင် ကစားပုံပိုမိုသွက်လက်လာသည်။

အီတလီအသင်းသည် ပွဲချိန် ၄၄ မိနစ်တွင် ဂိုးသွင်းရန် အကောင်းဆုံးအနေအထားကို ရရှိခဲ့သည်။ ရိုးမားအသင်းမှ ဒန်နီယယ်ဒီရော်စီက အနီးကပ်ကန်သွင်းသော်လည်း ယူကရိန်းဂိုးသမား ပုတ်ထုတ်ကာကွယ်လိုက်နိုင်သည်။

ယူကရိန်းဂိုးသမား ရှာလ်ကော့စကီးသည် အီတလီ တိုက်စစ်မှူးများ၏ ကြိမ်ဖန်များစွာ ထိုးဖောက်မှုများကို ကောင်းစွာကာကွယ်နိုင်ခဲ့သည်။ ဒုတိယပိုင်းကစားချိန်တွင် လူစားဝင်လာသော အီတလီအလယ်တန်းလူ တော့တီ၏ ကန်သွင်းမှုကိုလည်း ကာကွယ်နိုင်ခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန်တွင် အီတလီနည်းပြ မာဆယ်လိုလစ်ပီက ဘောလုံးသမားငါးဦးအထိ အပြောင်းအလဲပြုလုပ်ကာ ကစားစေခဲ့သည်။

***အင်တာနက်။***

## ခြေစမ်းပွဲတွင် ဂျာမနီအသင်းအနိုင်ရ စိတ်ဓာတ်ရေးရာအရ အားတက်စရာဖြစ်

**မွန်ချန်းလက်ဘက်ချ်(ဂျာမနီ) ဇွန် ၃**

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ဂျာမနီအသင်းနှင့် ကိုလံဘီယာအသင်းတို့ ဂျာမနီနိုင်ငံ မွန်ချန်းလက်ဘက်ချ်မြို့တွင် သောကြာနေ့က ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်ဂျာမနီအသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ယခုပွဲတွင် အနိုင်ရရှိခြင်းဖြင့် ဂျာမနီအသင်းသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် အစွမ်းကုန်ပြင်ဆင်ထားချိန်၌ စိတ်ဓာတ်ရေးရာအရ အားတက်မှုများ ဖြစ်ရသည်။

### ယှဉ်ပြိုင်ကစား

အိမ်ရှင်ဂျာမနီအသင်းသည် ယခုရက်သတ္တပတ်အစောပိုင်းက ဂျပန်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ကစားခဲ့ရာတွင် တည်တည်ငြိမ်ငြိမ်မရှိခဲ့သော်လည်း ယခုနောက်ဆုံး ကျင်းပသော ခြေစမ်းပွဲတွင်မူ သက်သောင့်သက်သာဖြင့် ယှဉ်ပြိုင်ကစားသွားနိုင်သည်။ နည်းပြ ကလင်းစမန်း၏ ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ အဖွင့်ပွဲအဖြစ် ဇွန် ၉ ရက်တွင် ကော်စတာရီကာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပြီးခဲ့သည့် အင်္ဂါနေ့က ကျင်းပသော ခြေစမ်းပွဲတွင် ဂျာမနီအသင်းအနေဖြင့် နောက်တန်း အားနည်းမှုများရှိခဲ့ပြီး ဂျပန်အသင်းနှင့် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ ယင်းပွဲတွင် ဂျာမနီအသင်း ခံစစ်ကျိုးပေါက်မှုများရှိသည်ဟု ဝေဖန်ခံခဲ့ရသည်။

***အင်တာနက်။***

### သတင်းစာရှင်း

**ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအမီ ဒူးခေါင်း ဒဏ်ရာမှ ပြန်လည်ကောင်းမွန်နိုင်ခြင်း မရှိသဖြင့် ဘရာဇီးအသင်းမှ ဖယ်ရှားခံရသူ အက်ဒ်မီးဆင်အား မေ ၃၁ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ကြေကွဲဝမ်းနည်းစွာဖြင့် တွေ့ရစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

## ဘရာဇီးအသင်း လက်ရွေးစင်အဖြစ် မင်နီရို အစားထိုးဝင်ရောက်

**အက်ဂစ် (ဆွစ်ဇာလန်) ဇွန် ၃**

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဦးစားပေး ဘောလုံးသမားတစ်ဦးအဖြစ် ရွေးချယ်ခံထားရသော အက်ဒ်မီးဆင်သည် ဒူးခေါင်းဒဏ်ရာရရှိမှုကြောင့် ၎င်း၏နေရာ၌ ဆောပေါ်လို အလယ်တန်းလူ မင်နီရိုဖြင့် အစားထိုးရန် ဘရာဇီးအသင်းနည်းပြ အယ်ဘာတို ပရဲရားက ဆုံးဖြတ်လိုက်ကြောင်း ဇွန် ၃ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

### ဆုံးဖြတ်

အက်ဒ်မီးဆင်သည် ဗုဒ္ဓဟူးနေ့ ကျန်းမာရေး စစ်ဆေးချက်အရ ဒူးခေါင်းဒဏ်ရာအတွက် ဆေးဝါးကုသမှုခံယူရမည်ဖြစ်ရာ ဘရာဇီးလက်ရွေးစင်အသင်းမှ ဖယ်ရှားခံလိုက်ရခြင်းဖြစ်သည်။

မင်နီရိုသည် အရန်ကစားသမားများအနက် အက်ဒ်မီးဆင်၏ နေရာကိုရယူရန် အသင့်လျော်ဆုံးဖြစ်သည်ဟု နည်းပြဆရာ ပရဲရားက ဆုံးဖြတ်ခဲ့သည်ဆို၏။ ***အင်တာနက်။***

**ဂျာမနီအသင်းမှ ရှဝိန်းစတိန်းဂါး** (ဝဲ)**က ကိုလံဘီယာအသင်းဘက်သို့ ဖရီးကစ် ကန်သွင်းစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

**ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးလမ်းနေ ဦးခင်ဝင်း–ဒေါ်လွင်လွင်မြင့်၊ သမီး ဆွေမာဖူးပွင့်မိသားစုက သား မောင်ပြည့်စုံအောင်၏ (၁၉) နှစ်မြောက် မွေးနေ့အတွက် အလှူငွေ ကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဦးကျော်စိုးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**
(က–ပ)

**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**

# ၂၀၀၆ ခုနှစ် ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

# ဘရာဇီးအသင်း ဆဋ္ဌမအကြိမ်ဗိုလ်စွဲရန် အလားအလာကောင်း

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

ဘရာဇီးအသင်းမှ ကွင်းလယ် ကစားသမား ရော်နယ်ဒင်ဟို၏ ကစားဟန်။

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ ဂျာမနီ(သို့) အာဂျင်တီးနား၊ ပြင်သစ် (သို့) အီတလီ၊ ဘရာဇီးနှင့် အင်္ဂလန်အသင်းများ တက်ရောက်သွားနိုင်ဖွယ်ရှိသည်ဟု စာရေးသူ ခန့်မှန်းထားပါသည်။

ယခု ကမ္ဘာ့ဖလား ဘောလုံးပွဲတွင် ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားနေသော အသင်းများမှာ အိမ်ရှင်ဂျာမနီ၊ ပြင်သစ်၊ ဘရာဇီးနှင့် အင်္ဂလန်တို့ဖြစ်သည်။ မြန်မာနိုင်ငံမှ ဘောလုံးကျွမ်းကျင်သူများကလည်း အထက်တွင် ဖော်ပြခဲ့သော အသင်းများကို ပင် တစ်ပေးထားကြပါသည်။

ဘောလုံးပညာရှုထောင့်မှ လမ်းမှန်ကမ်းမှန်အတိုင်း သုံးသပ်ကြည့်လျှင် ဘရာဇီးအသင်းသည် ဗိုလ်စွဲရန် အလားအလာ အရှိဆုံးဖြစ်သည်။ အိမ်ရှင်ဂျာမနီ၊ ပြင်သစ်၊ အင်္ဂလန်တို့သည် ငါးဆယ်ရာခိုင်နှုန်းလောက်သာ ရှိကြသည်။ အိမ်ရှင်ဂျာမနီနှင့် ပြင်သစ်အသင်းတို့သည် အချိန်မရွေး ပြုတ်ထွက်သွားနိုင်သည်။

အဘယ်ကြောင့်ဆိုသော် ၎င်းနှစ်သင်း၏ ဗိုလ်လုပွဲဆီသို့ လျှောက်လှမ်းရာလမ်းကြောင်းတွင် အခက်အခဲ အကျပ်အတည်းများ ရှိနေသောကြောင့်ဖြစ်သည်။ အာဂျင်တီးနားနှင့် အီတလီတို့သည် ၎င်းလမ်းကြောင်းပေါ်တွင် ရှိနေကြသည်။ [အုပ်စု(ဂ)နှင့် အုပ်စု (ဃ)တို့၏ ဒုတိယ၊ ပထမ နေရာများ အပြောင်းအလဲ မဖြစ်သည့် အခြေအနေပေါ်တွင် သုံးသပ်ထားခြင်းဖြစ်သည်။] ကွာတားဖိုင်နယ်တွင် အိမ်ရှင်ဂျာမနီသည် တောင်အာဖရိကမှ အာဂျင်တီးနားနှင့် ထိပ်တိုက်တွေ့နိုင်သည်။ ထို့အပြင် ပြင်သစ်ကလည်း အီတလီနှင့် ရင်ဆိုင်ရမည်။

## ပြောင်းလဲသွားဖွယ်

သို့ဖြစ်၍ ဂျာမနီက အာဂျင်တီးနားကိုရှုံးခဲ့လျှင်၊ ပြင်သစ်ကလည်း အီတလီကို မနိုင်ခဲ့လျှင် ဆီမီးဖိုင်နယ်၏ အခြေအနေသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားဖွယ်ရှိသည်။ အာဂျင်တီးနားသို့မဟုတ် အီတလီ တစ်သင်းသင်း ဗိုလ်လုပွဲသို့ တက်ရောက် လာနိုင်သည်။

ထို့ကြောင့် အိမ်ရှင်ဂျာမနီသည်လည်းကောင်း၊ ပြင်သစ်သည်လည်းကောင်း ဟိုဘက်သည်ဘက် ငါးဆယ်ရာခိုင်နှုန်းလောက်စီသာ ရှိသည်ဟု ဆိုလိုက်ခြင်းဖြစ်သည်။

ဗိုလ်စွဲနိုင်ခြေရှိသည်ဟု တစ်ပေးခံရသော အင်္ဂလန်အသင်း၏ အနေအထားကို သုံးသပ်ကြည့်လျှင် အခက်အခဲ အကျပ်အတည်းများ ရှိသည်။ ဒုတိယအဆင့် ရှုံးထွက်တွင် ပိုလန် သို့မဟုတ် အီကွေဒေါအသင်းနှင့် ကစားရမည်။ ၎င်းအဆင့်မှ ကျွတ်လျှင် ကွာတား၌ ပေါ်တူဂီ (သို့) နယ်သာလန်နှင့်ဆုံမည်။ ဒုတိယအဆင့် ရှုံးထွက်၌ ပြဿနာမရှိနိုင်သော်လည်း ဤအဆင့်မှာ သေချာပေါက် ဒုက္ခတွေ့နိုင်သည်။

အကယ်၍ ခြေချော်လက်ချော်ဖြစ်ခဲ့လျှင် တစ်ပေးခံရခြင်းသည် နိဂုံးချုပ်သွားမည်။ သို့သော် ပေါ်တူဂီနှင့် နယ်သာလန်အသင်း တစ်သင်းကိုနိုင်လျှင် ဆီမီး သို့မဟုတ် ဆီမီးမှာ တကယ့်ဘောလုံး စူပါပါဝါဖြစ်သည့် ဘရာဇီးနှင့် ထိပ်တိုက်တွေ့ရလိမ့်မည်။

ဘရာဇီးသည် ကမ္ဘာ့ဖလား ငါးကြိမ်ရထားသော အသင်းဖြစ်သည်။ ဘောလုံးနည်းပညာရှုထောင့်မှ ကြည့်လျှင် အင်္ဂလန်သည် ဘရာဇီးကို အနိုင်ရရန်မလွယ်ဟု သုံးသပ်မိသည်။ လူအနည်းငယ်လောက်ကသာ နိုင်ခြေရှိသည်ဟု ဆိုကောင်းဆိုပါလိမ့်မည်။ သို့ဖြစ်၍ အင်္ဂလန်အသင်းသည်လည်း ဗိုလ်စွဲရန် ငါးဆယ်ရာခိုင်နှုန်းပဲရှိသည်ဟု သုံးသပ်မိပါသည်။

ဘရာဇီးလက်ရွေးစင် ဘောလုံးအသင်းအား တွေ့ရစဉ်။

## ဂမ်ဆိုင်း

ဘောလုံး စူပါပါဝါဖြစ်သော ဘရာဇီးသည် အုပ်စုတွင်း၌ သက်သောင့်သက်သာနှင့် အုပ်စုဗိုလ်ဖြစ်ဖွယ်ရှိသည်။ ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲ၌ အီတလီ၊ ချက်၊ အမေရိကန်တစ်သင်းသင်းနှင့် တွေ့မည်။ ကွာတားတွင် စပိန်နှင့် ကစားရနိုင်သည်။ ဆီမီးမှာအထက်တွင် တင်ပြထားသည့်အတိုင်း အင်္ဂလန်နှင့်ဆုံရမည်။ အထက်တွင် စာရေးသူတင်ပြခဲ့သလိုပင် ဘရာဇီးသည် အင်္ဂလန်ကို အနိုင်ရရှိရန် ရာခိုင်နှုန်းများသည်။ သို့ဖြစ်၍ ဘရာဇီးသည် ဗိုလ်လုပွဲသို့ ရောက်ရှိသွားလိမ့်မည်။

## အလေးသာ

ဗိုလ်လုပွဲ၌ ဘရာဇီးသည် အိမ်ရှင်ဂျာမနီ၊ ပြင်သစ်၊ အာဂျင်တီးနား အသင်းတစ်သင်းနှင့် တွေ့ဆုံနိုင်ဖွယ်ရှိသည်။ ဗိုလ်လုပွဲတွင် တောင်အမေရိက အသင်းနှစ်သင်း ပြန်လည်တွေ့ဆုံဖို့ရန် မဖြစ်နိုင်ဟု ယူဆမိသည်။ ထိုသို့ဆုံခွင့်ကြုံရန်လည်း ဥရောပအသင်းများက လက်ခံနိုင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် အာဂျင်တီးနားကိုဖယ်လိုက်လျှင် ဂျာမနီနှင့် ပြင်သစ်သာကျန်မည်။ ပြင်သစ်အားသာသည်မှာ မှန်သော်လည်း အိမ်ရှင်ဂျာမနီနှင့် ဘရာဇီးတွေ့ရန် အလေးသာသည်။

ဘရာဇီးအသင်းက အိမ်ရှင်ဂျာမနီနှင့် နှိုင်းယှဉ်လျှင် ခြေရည်အများကြီးသာသည်။ တစ်ဦးချင်းစွမ်းရည်ကောင်းသော ကစားသမားများပါဝင်ပြီး တိုက်စစ်အား ကောင်းသည်။ အိမ်ရှင်ဂျာမနီအနေဖြင့် အောက်မှလှန်၍ ကစားရမည်။ လမ်းမှန်ကမ်းမှန်ဆိုလျှင် ဘရာဇီးဗိုလ်စွဲရန် အလေးသာသည်။ အလာအလားကောင်းသည်။

သို့သော် ဘရာဇီးအသင်းသည် ၁၉၉၈ ခုနှစ် ပြင်သစ် ကမ္ဘာ့ဖလားပြိုင်ပွဲကကဲ့သို့ပင် အဖျားရှူးသွားလေမည်လား။ [နောက်ဆုံး သတင်းများအရ ဘရာဇီးကစားသမားများသည် ဟိုတယ်များတွင် မနက်လင်းအားကြီးအထိ ပျော်ပါးနေကြသည်။ နည်းပြဆရာ ပါရဲယားကလည်း ကစားသမားများ၏ လွတ်လပ်ခွင့်ဟုဆိုကာ လွှတ်၍ ထားသည်ဟု သိရသည်။] ၁၉၉၈ ခုနှစ် အခြေအနေအတိုင်းဖြစ်ကာ ဘရာဇီးက ဆီမီးဖိုင်နယ်တွင် အင်္ဂလန်ကို ထိုးတင်ပြီး အိမ်ပြန်သွားမလား ရင်ခုန်စွာ စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

# သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆)ရပ်ကွက် ပါရမီလမ်းနေ ဦးထွန်း-ဒေါ်သန်းမြင့်၊ မြေးနှင့် မြစ် စစ်သိမ့်သီဟ မိသားစုက ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော် ငွေကျပ်တစ်သိန်းတစ်သောင်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ သီလာစာရ ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ် သိန်း ၃၀၀ အကုန်အကျခံတည်ဆောက်ဆဲဖြစ်သည့် သိမ်အဆောက်အအုံသစ်အတွက် မေ ၂၆ ရက်က သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိမလထံ မော်လမြိုင်မြို့ ဇဟိုလမ်းနေ ဒေါ်ချွင်လှိုင်မိသားစုက ငွေကျပ် တစ်သိန်းဆက်ကပ် လှူဒါန်းစဉ်။ (၃၀၇)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် ဗဟန်းမြို့နယ် အာဇာနည်လမ်း၊ မင်္ဂလာတောင်တော်ဦး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုဇန သက်တော် (၆၅)၏ မွေးနေ့အကြို အလှူအဖြစ် ငွေကျပ် တစ်သိန်းသုံးသောင်းကို တာဝန်ခံ ဒေါ်စန္ဒာတိုးက မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)ရှေ့မှောက်၌ တာဝန်ခံဒေါက်တာ အေးအေးမာထံ မေ ၁၂ရက်က ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

# မော်ကျွန်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

**ရန်ကုန် ဇွန် ၃**

မော်လမြိုင်ကျွန်းမြို့နယ်အသင်း (ရန်ကုန်)က မော်ကျွန်းနွယ်ဖွား ရန်ကုန်ရောက်ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဗုဒ္ဓဂယာရှိ မဂဓတက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိသော ဒေါက်တာ အရှင်သောပါက (သာသနဓဇ မဗ္ဗာစရိယ၊ M.A,Ph.D) အား ဂုဏ်ပြုချီးကျူးပူဇော်ပွဲကို ဇွန် ၁၁ ရက်နံနက် ၈ နာရီတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) ၂၆ ရပ်ကွက်၊ ပုလဲရတနာလမ်း၊ နိကာယ်ငါးရပ် ပိဋကသုံးပုံစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းပူဇော်လိုသော အသင်းသူ၊ အသင်းသားများသည် ဥက္ကဋ္ဌ ဦးသိန်းလှိုင် ဖုန်း-၂၂၀၆၁၉၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းညွှန့် ဖုန်း-၂၄၁၁၅၇ နှင့် အတွင်းရေးမှူး ဦးစိုးပိုင် ဖုန်း-၃၇၅၆၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေး

## ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ မင်္ဂလာဒုံမြို့နယ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လှော်ကားရေဝေရေလဲ ကျွန်းစိုက်ခင်း၌ ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၃

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လှော်ကားရေဝေရေလဲ ကျွန်းစိုက်ခင်း၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက် အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပေးသည်။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၈နာရီခွဲတွင် အဆိုပါ စိုက်ခင်းသို့ရောက်ရှိလာပြီး သတ်မှတ်နေရာ၌ ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများက ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ နှင့် မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များနှင့် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်း များက ခြံစည်းရိုးကြက်ဆူပျိုးပင် အပင် ၄၀၀၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရှုရပ်မျှော်စင်ပေါ်မှ ကျွန်းစိုက်ခင်းအခြေအနေ၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

## ယနေ့ မိုးလေဝသ

(၄-၆-၂၀၀၆)

**ရန်ကုန်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**နေပြည်တော်**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။**

**မန္တလေး**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။**

# NLD ပါတီသည် ပြည်ပြေးများ၊ အကြမ်းဖက်သမားများနှင့် ဆက်စပ်နေ နိုင်ငံတော်ပျက်စီးစေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားစေရန် အဖျက်သဘောဆောင်သည့်လုပ်ရပ်များ လုပ်ဆောင်နေသည်ကို တွေ့မြင်ရ NLD ၏ တဇောက်ကန်းလုပ်ရပ်များကို ငြီးငွေ့သဖြင့် ပါတီဝင် ၆၁ ဦးနုတ်ထွက်

ရန်ကုန် ဇွန် ၃

**ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင် ဦးဖော်ဂျုံးဂေါင်လီနှင့် ဦးမြင့်သိန်းတို့ အပါအဝင် ပါတီဝင် ၆၁ ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်စာ များကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့အကြောင်းကြားခဲ့သည်။**

ထို့နောက် အဆိုပါ မိုးညှင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်သူ ပါတီဝင် ၆၁ဦးတို့သည် ၎င်းတို့ နုတ်ထွက်လွှာများကို မေ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မိုးညှင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံးသို့ လာရောက်ပေးအပ်ကြပြီး နုတ်ထွက် လွှာများ စုပေါင်းပေးအပ်သည့် အခမ်းအနားကို ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ မိုးညှင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် NLD ပါတီမှ နုတ်ထွက်သူများ တက်ရောက်ကြပြီး မိုးညှင်းမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင် ဦးဖော်ဂျုံးဂေါင်လီက သဘာပတိအဖြစ်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ●**

## ကြေးမုံ The Mirror အင်တာနက်သတင်းများ

## သတ္တဝါမျိုးစိတ်အသစ်များ အစ္စရေးသိပ္ပံပညာရှင်တစ်စု ရှာဖွေတွေ့ရှိ

ဂျေရုဆလင် ဇွန် ၃

**အရှေ့အလယ်ပိုင်းဒေသ အစ္စရေးနိုင်ငံအလယ်ပိုင်းရှိ သဘာဝမြေအောင်းရေလှောင်ကန်များကို လေ့လာနေစဉ် ယခင်က မတွေ့ဖူး၊ မမြင်ဖူးသော သတ္တဝါမျိုးစိတ်အသစ်များကို အစ္စရေး သုတေသီများက ရှာဖွေတွေ့ရှိ ကြကြောင်း သတင်းများက ဖော်ပြသည်။**

**အစ္စရေး နိုင်ငံဟီးဘရူး တက္ကသိုလ်မှ သိပ္ပံပညာရှင် များ ဖော် ထုတ်တွေ့ရှိ သော မျက်စိ မပါသည့် အဖြူရောင် ပုစွန် တစ် ကောင် ကို တွေ့ရစဉ်။**
အင်တာနက်

၎င်းတို့ တွေ့ရှိရသော သတ္တဝါမျိုးစိတ်သစ်များတွင် မျက်စိမပါ သော ကင်းမြီးကောက်မျိုးလည်း ပါဝင်သည်။ မြေအောက်ပေ ၄၀၀ အနက်ရှိ မြေအောင်းရေလှောင်ကန်များကို လေ့လာစဉ် ကျောရိုးမဲ့သတ္တဝါ မျိုးစိတ်သစ် ရှစ်မျိုးကို ဖော်ထုတ်တွေ့ရှိခဲ့သည်ဟု ဂျေရုဆလင်မြို့ ဟီးဘရူးတက္ကသိုလ်မှ ပါမောက္ခ အာမို့စ်ဖရောင်မ်ကင်က သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သိပ္ပံရှုထောင့်အရ ကြည့်ရှုမည်ဆိုလျှင် ယခု တွေ့ရှိမှုသည် ထိပ်တန်းစာရင်းဝင် တွေ့ရှိမှုမျိုးပင်ဖြစ်သည်ဟု ၎င်းက ဆက်လက် ပြောကြားသည်။ ထိုသို့ ရှင်းလင်းပြောကြားနေစဉ် ပါမောက္ခသည် ၎င်းတို့တွေ့ရှိခဲ့သော ပုစွန်လိုလို၊ ကင်းမြီးကောက်လိုလို အဖြူရောင်အခွံမာ ရေနေသတ္တဝါတစ်ကောင်ကိုပါ ပြသရင်းရှင်းလင်းခဲ့ခြင်းဖြစ်သည်။

ယင်းလေ့လာမှုတွင်တွေ့ရှိရသော သတ္တဝါများအနက် အရွယ်အစား အကြီးဆုံး သတ္တဝါမှာ နှစ်လက်မ အရွယ်ခန့်ရှိသည့် အဖြူရောင် ကင်းမြီးကောက်တစ်ကောင်လည်း ပါဝင်သည်။ ကျန်တွေ့ရှိရသော သတ္တဝါများမှာ သာမန်မျက်စိဖြင့် မမြင်ရဘဲ အနုကြည့်မှန်ဘီလူးဖြင့် ကြည့်ရှုမှ မြင်နိုင်သည်ဟု ဆိုသည်။

ထိုသတ္တဝါများကို တွေ့ရှိရသောနေရာမှာ အစ္စရေးနိုင်ငံ၏ မြို့တော် တဲလ်အဗစ်နှင့် မလှမ်းမကမ်းရှိ ရမ်လေးအရပ်ရှိ ဂူတစ်ခုအတွင်း တွေ့ရှိရခြင်းဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❀**